# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 February 2024 ၁၁၃၈၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

တပ်မတော်လေ့ကျင့်ရေးတပ်၏ ရည်မှန်းချက်တာဝန်သည် လက်ရှိအပျော်တမ်းတပ်ဖွဲ့ဝင်များဖြစ်သော တက္ကသိုလ်ကျောင်းသားများအား ၎င်းတို့၏ပညာသင်နှစ်ပြီးဆုံးသောအခါ အမြဲတမ်းတပ်မတော်သို့ အရာရှိနှင့် အကြပ်အဆင့်များအဖြစ် ဝင်ရောက်အမှုထမ်းဆောင်နိုင်ရေး သင့်လျော်ကိုက်ညီသော စစ်ပညာသင်တန်းပေးရန်၊ ထိုသို့လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတွင် ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်မှုရှိပြီး အရန်အင်အားစုတစ်ရပ်အဖြစ် စုဆောင်းထားရန်တို့ဖြစ် ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Online Booking စနစ်ဆောင်ရွက်ခြင်းကို နေပြည်တော်၊ မန္တလေးအပါအဝင် မြို့ကြီးလေးမြို့တွင် စတင်ဆောင်ရွက်နိုင်ပြီ စာမျက်နှာ » ၃

PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန် စာမျက်နှာ » ၁၀

ကြေးမုံ

# အကြမ်းဖက်လုပ်ရပ်များ ညီညွတ်မှုဖြင့်ဆန့်ကျင်

ယမန်နှစ် နိုဝင်ဘာလအတွင်းက ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများနှင့်ကျောင်းဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပြန်လည်လွတ်မြောက်ခဲ့သည်။ ယခုတစ်ဖန် PDF အမည်ခံ အကြမ်းဖက်အင်အား ၁၀၀ ကျော်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြန်သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့နံနက်က PDF အမည်ခံ အကြမ်းဖက်အင်အား ၁၀၀ ကျော်ခန့်သည် ကလေးတက္ကသိုလ်သို့ဝင်ရောက်ပြီး စာသင်ဆောင်များ၌ရှိသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများကို ဖမ်းဆီးထားကြောင်း တာဝန်သိဝန်ထမ်းများက သတင်းပေးပို့လာသဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခဲ့ရာ အပြန်အလှန်ထိတွေ့တိုက်ခိုက်မှုများဖြစ်ပွားပြီး သောင်းကျန်းသူများ ထိခိုက်သေဆုံးကာ ဆုတ်ခွာသွားခဲ့သည်။ ဖြစ်စဉ်တွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ရုံးဝန်ထမ်းစုစုပေါင်း ၂၈၅ ဦးကို အချိန်မီပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး အချို့ဝန်ထမ်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့ကို သောင်းကျန်းသူများက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများနှင့်မိသားစုဝင်များကို အကာအကွယ်ရယူပြီး တိုက်ခိုက်ခြင်း၊ ရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းများအား ရည်ရွယ်ချက်ရှိစွာဖြင့် အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ထိုရာဇဝတ်မှုများနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ရုံးဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့ CRPH ၊ NUG ကြိုးကိုင်နေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်သားများကို ခြိမ်းခြောက်ခြင်း၊ နိုင်ငံ၏အနာဂတ်ဖြစ်သည့် ပညာရေးကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်လျက်ရှိသည်။ နိုင်ငံအနာဂတ်၊ ပြည်သူများ၏အနာဂတ်အား နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်ကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံကြချေ။

သို့သော် မြန်မာနိုင်ငံတွင် အကြမ်းဖက်သမားများ၏ လက်ချက်ဖြင့် ထိခိုက်ပျက်စီးနေရသည့် အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာတော်များ၊ ဆရာ ဆရာမများ၏အဖြစ်ကို စာနာထောက်ထားကြောင်း၊ ကန့်ကွက်ရှုတ်ချကြောင်း ပြသခြင်းကို မတွေ့ရပေ။ အထူးသဖြင့် ပြည်ပအခြေစိုက် မီဒီယာများက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်၊ ကလေးတက္ကသိုလ်ကဲ့သို့ ပညာရေးဆိုင်ရာလူသားအရင်းအမြစ်များကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်များအား မျက်ကွယ်ပြု ဖုံးကွယ်ထားသည်မှာ အထူးအဆန်းမဟုတ်တော့ပေ။ မြန်မာနိုင်ငံအပေါ် အစဉ်တစိုက်အမြဲတမ်းအဆိုးမြင်သည့် နိုင်ငံများနှင့် မီဒီယာများ၏ ရေငုံနှုတ်ပိတ်နေသည့်လုပ်ရပ်များမှာ အကြမ်းဖက်သမားများကို အားပေးထောက်ခံနေသည်မှာ ပေါ်လွင်နေပေသည်။

မည်သို့ပင်ဖြစ်စေ တိုင်းပြည်နှင့်လူမျိုးအချင်းချင်း ကိုယ်ချင်းစာနာစိတ်မရှိဘဲ တိုင်းပြည်၏အနာဂတ်၊ လူမျိုး၏အနာဂတ်၊ ကလေးသူငယ်များ၏အနာဂတ် ပျက်စီးသည်ထက်ပျက်စီးအောင် လုပ်ဆောင်နေသည့် အဖျက်သမားများ၏ ရည်ရွယ်ချက်ကို အားလုံးကသိရှိပြီးဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံး၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပြီး အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များကို အားလုံးစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၈-၂-၂၀၂၄ ရက်နေ့မှ ၅-၃-၂၀၂၄ ရက်နေ့အထိ နေ့စဉ်တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇီဝိတဒါနသံဃာ့ဆေးရုံ မန္တလေး(ကန်တော်ကြီး)၌ ပြင်ပလူပုဂ္ဂိုလ်များအား သင့်တော်သောကုသမှုစရိတ်ဖြင့် ကုသပေးတော့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ မန္တလေး(ကန်တော်ကြီး)၌ ပြင်ပလူပုဂ္ဂိုလ်များအား သင့်တော်သော ကုသမှုစရိတ်ဖြင့် ကုသပေးတော့မည်ဖြစ်ကြောင်း သိရသည်။

ပြင်ပလူပုဂ္ဂိုလ်များအား သင့်တော်သော ကုသမှုစရိတ်ဖြင့် ကုသပေးမည့် အစီအစဉ်ကို လာမည့်မတ်လလယ်တွင် တိုးချဲ့၍ စတင်ကုသပေးတော့မည်ဖြစ်ကြောင်း အဆိုပါဆေးရုံမှ ကြေညာထားခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါဆေးရုံ၌ တာဝန်ထမ်းဆောင်လိုသော လက်ထောက်ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီး၊ အထက်တန်းသူနာပြု၊ ဆရာမ/သူနာပြု၊ သူနာပြုအကူနှင့် အထွေထွေလုပ်သားများအနေဖြင့် လာမည့်မတ် ၁၀ ရက်နောက်ဆုံးထားကာ လာရောက်လျှောက်ထားနိုင်ကြောင်း ဝန်ထမ်းခေါ်ယူထားသည်။

ယင်းသို့လျှောက်ထားပါက သက်ဆိုင်ရာ အရည်အချင်းအလိုက် ဘွဲ့လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံရှိ အောက်ဆီဂျင်ဌာန၊ ကျောက်ကပ်သွေးသန့်ဌာန၊ ရေအလှူတော်၊ မီးအလှူတော်၊ ဆေးပဒေသာပင်အလှူ၊ ဆွမ်းပဒေသာပင်အလှူတို့ကို စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

**သစ်တော်**

## မြောင်းမြမြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစု အရင်းမပျောက်မတည်ငွေများ ထုတ်ပေး

**မြောင်းမြ ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မဒေါ့ပင်စံပြကျေးရွာရှိ မြစံပယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၄၂ ဦး၏ နွေစပါး ၄၅၃ ဧကအတွက် သွင်းအားစုများအား တစ်ဧကလျှင် ငွေကျပ် ၈၃၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၇၅ ဒသမ ၉၉ သိန်းအား တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေမှ စိုက်ပျိုးရေးသွင်းအားစု အရင်းမပျောက်မတည်ငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ မြို့နယ်အဆင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အသင်းသားများ တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်က အမှာစကားပြောကြား၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၄၀၉ | ၃,၄၃၅,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၅၆၉ | ၁,၆၂၆,၇၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂ | ၁၅,၂၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၁၉ | ၂၈,၇၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၆၀၀ | ၄,၅၇၀ | ၇,၃၂၈,၃၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၂ | ၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စသည့် အမြင်လေးမြင်ဖြင့် ပြည့်စုံစွာထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များဖြစ်ပေါ်လာနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားစဉ်။

☆ ရွှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် တက်ရောက်ရန်အတွက် သင်တန်းသားများ ရွေးချယ်ရာတွင် ယခင်က တပ်မတော်အရာရှိကြီးများကို သာရွေးချယ်ခဲ့သော်လည်း ယခုအချိန်တွင် အရပ်ဘက်နိုင်ငံ့ဝန်ထမ်း အရာရှိကြီးများကိုလည်းတက်ရောက်စေခဲ့ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စသည့် အမြင် လေးမြင်ဖြင့် ပြည့်စုံစွာ ထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည်တာဝန်ထမ်းဆောင်ရာတွင်အထက်ပါ အမြင် လေးမြင်ဖြင့် စဉ်းစားဆောင်ရွက်တတ် ရန်လိုကြောင်း၊ သင်တန်းသားများ အနေဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ဖတ်ရှုလေ့လာခြင်းတို့ကို တစ်နှစ်တာကာလ အတွင်း ဆွေးနွေးလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် အရာရှိကြီးများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့တွေ့ရှိချက်များကို မိမိဘဝအတွက်၊ နိုင်ငံ့အတွက် အထောက်အကူရအောင် အလေးအနက်ထား၍ ဆောင်ရွက်ကြရန် လိုကြောင်း။

### နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်

နိုင်ငံရေးအပိုင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်အလိုက် တိုးတက်မှုများရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏ နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက်ပညာရပ်နှင့် စက်မှုပညာရပ်တို့တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှုမရှိခဲ့ဘဲ နောက်တွင်ကျန်နေခဲ့ကြောင်း၊ ယင်းအချက်အလက်များကိုအခြေခံ၍ သင်ခန်းစာ ဖော်ထုတ်ကာ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် ကိုလိုနီနယ်ချဲ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ သယံဇာတရင်းမြစ်များကို ရယူလိုမှုဖြင့် နယ်ချဲ့ခဲ့မှုနှင့် လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုအခြေအနေများ၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရ အယူဝါဒကွဲပြားမှုများကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများ၌ လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှု အခြေအနေများ၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေ ယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာပြိုကွဲမည့် အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက် ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ နောက်ပိုင်းတွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အခြေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်၊ အမျိုးသားရေးရည်မှန်းချက် ၂ ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်စေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❍ **လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စသည့် အမြင် လေးမြင်ဖြင့် ပြည့်စုံစွာထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များဖြစ်ပေါ်လာနိုင်မည်**
- ❍ **နိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည် တာဝန်ထမ်းဆောင်ရာတွင် အထက်ပါအမြင် လေးမြင်ဖြင့် စဉ်းစားဆောင်ရွက်တတ်ရန်လို**
- ❍ **သင်တန်းသားများအနေဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ဖတ်ရှုလေ့လာခြင်းတို့ကို တစ်နှစ်တာကာလအတွင်း ဆွေးနွေးလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် အရာရှိကြီးများ ဖြစ်အောင် ကြိုးပမ်းကြစေလို**

# နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Online Booking စနစ်ဆောင်ရွက်ခြင်းကို နေပြည်တော်၊ မန္တလေးအပါအဝင် မြို့ကြီးလေးမြို့တွင် စတင်ဆောင်ရွက်နိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Online Booking စနစ်ဆောင်ရွက်ခြင်းကို နေပြည်တော်၊ မန္တလေးအပါအဝင် မြို့ကြီးလေးမြို့တွင် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက အသိပေးထားသည်။

### အဆင်ပြေချောမွေ့စေရေး

ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ မန္တလေး၊ ပုသိမ်၊ နေပြည်တော်၊ ပဲခူးရုံးခွဲတို့တွင် ဆောင်ရွက်နိုင်မည့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အိမ်ထောင်စုစာရင်းဝင် နိုင်ငံကူးလက်မှတ်လျှောက်ထားမည့်သူများအတွက် အဆင်ပြေချောမွေ့စေရေးအတွက် KBZPay / MPU Card ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီမှစ၍ Online မှ Booking တင်၍ Appointment Date ရယူဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အိမ်ထောင်စုစာရင်းဝင်သူများမဟုတ်ပါက Booking ရသော်ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ပါရှိသည်။

Online မှ Booking ရရှိပြီးသူများ နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားမှုအား လဝကမှ စိစစ်ထားသော UID နံပါတ်များရှိပါက တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)တွင် Online Booking တင်၍ QR စနစ်ဖြင့် လူ၂၇၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော်၊ မြစ်ကြီးနား၊ ဟားခါး၊ လွိုင်ကော်၊ မကွေး၊ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်း၊ ပုသိမ်၊ စစ်တွေ၊ ပဲခူးမြို့များရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများတွင် သတ်မှတ်လူဦးရေအတိုင်း ရုံးဖွင့်ရက်များတွင် နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးထားသည်။

Online မှ Booking တင်ရာတွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ဝက်ဘ်ဆိုက်၏ www.passport.gov.mm တွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး KBZPay / MPU Card ဖြင့် ငွေပေးချေခြင်းဖြင့် ကြားခံပွဲစား/ အကျိုးဆောင်များမလိုအပ်ဘဲ ကာယကံရှင်ကိုယ်တိုင်သာ လျှောက်ထားနိုင်ရေးစီစဉ်ထားရှိခြင်းဖြစ်ကြောင်း အသိပေးထားသည်။ **MT**

# အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၁/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရေးဆွဲပြီးဖြစ်**

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၃ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၁၅-၂၀၁၉ ငါးနှစ်တာကာလအတွက် ကဏ္ဍ ၁၁ ခုကို ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အဖြစ် ၂၀၂၀-၂၀၂၅ ကာလအတွက် ကဏ္ဍ ၁၈ ခုကို ရွေးချယ်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ကဏ္ဍအလိုက် အသေးစိတ် လုပ်ငန်းစီမံချက်များနှင့် ပင်မလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့က အတည်ပြုပြီးဖြစ်ကြောင်း၊ မဟာဗျူဟာအကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီနှင့် အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီ ၂ ရက်က ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များကိုအခြေခံကာ ကာလတိုအတွင်း ရလဒ်ထွက်ပေါ်နိုင်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့များ အနေဖြင့် သက်ဆိုင်ရာဌာနချင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရန်အတွက် ပိုမိုလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်း အဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ ဌာနများက လက်ရှိအကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်ပြီး ရေတိုအကျိုးရလဒ်ဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်သွားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အမျိုးသားပို့ကုန်မဟာဗျူဟာဖွဲ့စည်းဆောင်ရွက်မှုနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်-ငွေဆောင်ကားလမ်းဘေး ၁၉ မိုင်ရှိ ငွေဆောင်အပန်းဖြေဆင်စခန်းသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ ဆင်စီးအပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၁၇ မိုင်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ပုသိမ်မြို့နယ် စီးပွားရေး(ပျဉ်းကတိုး) စိုက်ခင်း၌ အများပြည်သူခရီးသွားများ ငွေဆောင်မြို့ ပတ်ဝန်းကျင်ကို ကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ရှုခင်းသာ(view point)သို့ သွားရောက်ကြည့်ရှုသည်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မန္တလာတက္ကသိုလ်(မန္တလေး)၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်) တို့မှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ ၏ ရည်မှန်းချက်များ၊ အာဆီယံမှ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစံနှုန်းများကို ခရီးစဉ်ဒေသများ၌ ဝန်ဆောင်မှုအရည်အသွေးများ တစ်ပြေးညီ တိုးမြှင့်စေရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက-ဒေသခံပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံအနေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို တစ်ပေါင်းတစ်စည်းတည်းသော အရည်အသွေးမြင့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်ရန် ရည်မှန်းထားရှိကြောင်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်း ၁၀ ခုကို ရေးဆွဲအတည်ပြုထားပြီးဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသူများ၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ခရီးစဉ်ဒေသနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုပေါင်း ၁၂ ဆုကို ရရှိထားကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသများ အရည်အသွေးမြင့်မားရေး တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များသာမက ကျွမ်းကျင်လုပ်သားများ၏ ကျွမ်းကျင်မှုအရည်အချင်းများသည်လည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးသွားထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ ဖော်ထုတ်ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ငွေဆောင်မြို့ရှိ ယမုံနာဦးဟိုတယ်၌ ငွေဆောင်ကမ်းခြေဒေသရှိဌာနဆိုင်ရာများ၊ ငွေဆောင်ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေဆောင်ကမ်းခြေဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်သုံးစွဲရေး၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ နွေရာသီ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအင်းစိန်မြို့နယ်၌ နွေရာသီ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်အတွင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက အင်းစိန်မြို့နယ်အတွင်းရှိ မဂ္ဂင်ကျောင်းလမ်း၊ တန်းမြင့်ကျောင်းလမ်းနှင့် ရွက်လှလမ်းများတွင် နွေရာသီတွင် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀ ကေဗွီအေထရန်စဖော်မာ သုံးလုံး အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် High Tension ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများအတွက် ဓာတ်အားလိုင်းတိုင်များ စိုက်ထူနေခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အင်းစိန်လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေး၊ လမ်းမီးများ စစ်ဆေးပြုပြင်ခြင်းနှင့် အသစ်လဲလှယ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**

# စွန့်ဦးလုပ်ငန်းရှင်လူငယ်ပညာရှင်များအဖွဲ့၏ (၆) ကြိမ်မြောက် စာတမ်းဖတ်ပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလူငယ်ပညာရှင်များအဖွဲ့၏ (၆)ကြိမ်မြောက် စာတမ်းဖတ်ပွဲကို "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ စိုက်ပျိုးပညာဖြန့်ဝေစို့" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅)ရှိ စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာတမ်းရှင်များနှင့် လေ့လာသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ စီမံကိန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝါသီးနှံစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေး၊ ကော်ဖီသီးနှံစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းများ၏ အားသာချက်၊ အားနည်းချက်များကို လူငယ်ပညာရှင်များအနေဖြင့် သုတေသနပြုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း၊

စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ စသည့်သီးနှံများပါဝင်သော အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သော မျိုးကောင်း မျိုးသန့်မျိုးစေ့များရရှိရေး၊ မြေဆီလွှာအာဟာရဓာတ်ကောင်းမွန်ရေး၊ သွင်းရေ အလွယ်တကူ ရရှိနိုင်ရေးနှင့် သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး နည်းပညာများကို တောင်သူများလက်ဝယ်ရောက်ရှိရေးသာမက နည်းပညာများကို စနစ်တကျလိုက်ပါဆောင်ရွက်လာကြစေရန် လိုအပ်ချက်များကို လေ့လာ၍ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာမှ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များ၊ မိမိတို့ကိုယ်တိုင် သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များကို တောင်သူများ အသုံးပြုနိုင်သော လုပ်ငန်းစဉ်များဖြစ်စေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခု စာတမ်းဖတ်ပွဲမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို အခြေခံ၍ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စာတမ်းဖတ်ပွဲများ ကျင်းပခဲ့မှုနှင့် စာတမ်းဖတ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲပထမနေ့ကို ဆက်လက်ကျင်းပရာ စာတမ်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပမည့် အဆိုပါစာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် ဌာနခွဲများမှ စာတမ်း ၂၉ စောင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာတမ်း ၃၁ စောင် စုစုပေါင်း စာတမ်းစောင်ရေ ၆၀ ဖတ်ကြားသွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင်စိုက်ပျိုးရေး နည်းစနစ်ဆိုင်ရာ စာတမ်းများ၊ သီးနှံမျိုးကွဲဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းများ၊ အပင်ဇီဝနည်းပညာဆိုင်ရာ စာတမ်းများ၊ မြေဆီလွှာနှင့်အပင်အာဟာရဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းများ၊ စိုက်ပျိုးစီးပွားဆိုင်ရာ စာတမ်းများ၊ သီးနှံကာကွယ်ရေးဆိုင်ရာစာတမ်းများနှင့် မွေးမြူရေးဆိုင်ရာ စာတမ်းများပါဝင်ကြောင်း၊ စိုက်ပျိုးရေးဒီပလိုမာဘွဲ့နှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရပညာရှင်များပါဝင်သော တက်သစ်စလူငယ်ပညာရှင်များ ဖတ်ကြားသော စာတမ်းများ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့ရပညာရှင်များ ပါဝင်သော အတွေ့အကြုံကောင်းရှိသည့် ပညာရှင်များဖတ်ကြားသည့် စာတမ်းများဟူ၍ အုပ်စုနှစ်စုခွဲကာ အကောင်းဆုံးစာတမ်းများကို ဒုတိယတိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများဖြင့် ဖွဲ့စည်းထားသော အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး စံပြရင်သွေးအိမ်မူလတန်းကြိုကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ စံပြရင်သွေးအိမ်မူလတန်းကြိုကျောင်း၌ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သင်ကြားလေ့ကျင့်ပေးရာနေရာ၊ ကစားကွင်းနှင့် ချက်ပြုတ်ကျွေးမွေးရာနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးများ၏ ဖွံ့ဖြိုးမှုအခြေအနေ၊ မူကြိုအရွယ်နှင့်သင့်လျော်သည့် လိမ္မာရေးခြားရှိမှု၊ ကိုယ်ချင်းစာတရားရှိမှု စသည်တို့ကို ကလေးများ၏ နားလည်နိုင်မှုအခြေအနေပေါ်မူတည်၍ ကဗျာ၊ ပုံပြင်၊ သီချင်းတို့ဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသားအရေအတွက် တိုးမြှင့်သင်ကြားပေးနိုင်ရေး၊ သင်ကြားပေးသော ဘာသာရပ်များသည် သမားရိုးကျသင်တန်းများ မဟုတ်ဘဲ ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သည့် အိမ်တွင်းမှုဘာသာရပ်များ သင်ကြားပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံပြီး ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် သက်မွေးပညာကိုအခြေခံပြီး တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးဖြစ်ထွန်းတိုးတက်လာအောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ သင်တန်းဆင်းကျောင်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုရှိ၊ မရှိကို တာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆန်းစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂၉ ရက်အထိ အဋ္ဌမအကြိမ်မြောက် ဖွင့်လှစ်လျက်ရှိသော ကျောင်းအခြေပြုသင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ Phase 2A and Phase 2B development platforms တွင် Geotechnical Site Survey (GTI) လုပ်ငန်းများအား ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Platform Location Point Zawtika-13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၁၉.၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ် ၁၁.၅၂ စက္ကန့်၊ Point Zawtika-18 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၀၆.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၅၄.၈၅ စက္ကန့်၊ Point Zawtika-35 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၀.၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၅၀.၀၅ စက္ကန့်၊ Point Zawtika-37 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၃၃.၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၈.၈၂ စက္ကန့်၊ Point Zawtika-40 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၄၂.၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၁၇.၇၃ စက္ကန့်၊ Point Zawtika-46 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄.၀၂ စက္ကန့်၊ Point Zawtika-51 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၄၀.၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၁၉.၁၆ စက္ကန့်နှင့် PLEM Location Point PLEM-23 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၁၅.၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၁.၆၅ စက္ကန့်၊ Point PLEM-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၄၇.၅၇ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ Phase 2A and Phase 2B development platforms တွင် Geote-chnical Site Survey (GTI) လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. GEO MARINER ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်မှသည်... နောင်တစ်ခေတ်၏ နိုင်ငံ့သားကောင်း အောင်စစ်သည်များ

**တက္ကသိုလ်အရန်တပ်ရင်း(UTC) ကို ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်စဉ်က စစ်ပညာသင်ကြားရန် ဝါသနာပါသော ကျောင်းသား ကျောင်းသူများ၊ ပထမကမ္ဘာစစ်မှ စစ်ပြန်များနှင့် ဖွဲ့စည်းခဲ့ပြီး စစ်ရေးပြသင်တန်းများကို ဗြိတိသျှစစ်တပ်က ပို့ချခဲ့သည်။ ထိုစဉ်က တက္ကသိုလ်အပျော်တမ်းတပ်ဟုခေါ်ဆိုပြီး တပ်ဖွဲ့ဝင်များမှာ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘုရင်ခံအပါအဝင် ဂုဏ်ထူးဆောင်ဧည့်သည်များကို စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုရခြင်းဖြစ်သည်။**

ညောင်ဦးဖီး



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသားများအား လက်နက်ငယ်ဘာသာရပ် သင်ကြားပေးစဉ်။

တက္ကသိုလ်အရန်တပ်ရင်း (University Training Corps–UTC) ကို ၁၉၂၂ ခုနှစ် ဇွန်လတွင် ၁၉၂၀ အိန္ဒိယနယ်မြေ တပ်ဖွဲ့ဥပဒေအခန်း (၁၂) အရ အမှတ်(၆) မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။

စတင်ဖွဲ့စည်းစဉ်က အရာရှိကိုးဦးနှင့် အခြားအဆင့် ၄၁၀ ရှိခဲ့ပြီး ကျောင်းသားများ စစ်ပညာတတ်မြောက်စေရန်နှင့် ကိုယ်ကာယကြံ့ခိုင်စေရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်တွင် ပညာဆည်းပူးပြီးနောက် အိန္ဒိယနယ်မြေတပ်ဖွဲ့သို့ ဝင်ရောက်လိုလျှင် ဝင်နိုင်ရန်ရည်ရွယ်၍ လေ့ကျင့်ပေးသည့်သဘောဖြစ်သည်။ အသက် (၁၆) နှစ်ပြည့်ပြီးသူနှင့် အသက် (၃၀) ထက် မကျော်သူများ ဝင်ခွင့်ရရှိပြီး ကျောင်းသားများသည် အရပ်မီသူ၊ ကိုယ်ကာယကျန်းမာသန်စွမ်းသူ ဖြစ်ရမည်ဟု သတ်မှတ်ခဲ့သည်။

**တက္ကသိုလ်အဓိပတိ၏ ကိုယ်ရံတော်တပ်ဖွဲ့**

စစ်ကြိုခေတ်တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်အခမ်းအနား၌ တက္ကသိုလ်အဓိပတိ၏ ကိုယ်ရံတော်တပ်ဖွဲ့အဖြစ် စစ်ရေးပြခြင်း၊ စစ်ချီတက်ခြင်း ပြုလုပ်ခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့အဖြစ်လည်း ဖွဲ့စည်း၍ တက္ကသိုလ်အဆောက်အအုံအသစ်များ၊ ဘွဲ့နှင်းသဘင်ခန်းမဆောင်နှင့် စာကြည့်တိုက်အဆောက်အအုံ အုတ်မြစ်ချပွဲတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဌာနချုပ်ကို ထိုအချိန်က တက္ကသိုလ်ကောလိပ်တည်ရှိရာ ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) တွင် ၁၉၂၂ ခုနှစ်မှ ၁၉၂၉ ခုနှစ်တိုင် ဖွင့်လှစ်ခဲ့သည်။ ၁၉၂၈ ခုနှစ် ဇွန်လတွင် တက္ကသိုလ်နယ်မြေအတွင်း တက္ကသိုလ်အရန်တပ်ရင်းဌာနချုပ်နှင့် လေ့ကျင့်ရေးကွင်းတို့ကို တက္ကသိုလ်၏ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့ရာ ၁၉၂၉ ခုနှစ်တွင် ကမာရွတ်မြို့နယ် အောက်ပုဂံလမ်းတွင် အဆောက်အအုံများ တည်ဆောက်မှုပြီးစီးခဲ့သည်။

တက္ကသိုလ်အရန်တပ်ရင်းတွင် သင်တန်းဖွင့်လှစ်မှုကို ၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ ကူးစက်လာသောအခါ ၁၉၄၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း၏ ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်) ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က တက္ကသိုလ်အရန်တပ်ရင်းကို စစ်ဝန်ထမ်းဌာနချုပ်ရုံး လက်အောက်တွင်ထားရှိခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ပြည်စောင့်တပ် ညွှန်ကြားရေးမှူးရုံးအား ဖွဲ့စည်း၍ ၎င်းလက်အောက်တွင် ထားရှိခဲ့သည်။

**အမြဲတမ်းတပ်မတော်သို့ အရာရှိနှင့် အကြပ်အဆင့်များအဖြစ် ဝင်ရောက်အမှုထမ်းဆောင်နိုင်**

၁၉၆၂ ခုနှစ်တွင် တက္ကသိုလ် အရန်တပ်ရင်း (ရန်ကုန်) အား ဖွဲ့စည်းပုံဇယားအမှတ်၊ ကဖ ၁၀၈ က ၆၂ အရ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး တပ်အမည်ကို အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု အမည်ပြောင်းလဲခဲ့သည်။ တပ်မတော်လေ့ကျင့်ရေးတပ်၏ ရည်မှန်းချက်တာဝန်သည် လက်ရှိအပျော်တမ်း တပ်ဖွဲ့ဝင်များဖြစ်သော တက္ကသိုလ်ကျောင်းသားများအား ၎င်းတို့၏ပညာသင်နှစ်ပြီးဆုံးသောအခါ အမြဲတမ်းတပ်မတော်သို့ အရာရှိနှင့် အကြပ်အဆင့်များအဖြစ် ဝင်ရောက်အမှုထမ်းဆောင်နိုင်ရေး သင့်လျော်ကိုက်ညီသော စစ်ပညာသင်တန်းပေးရန်၊ ထိုသို့လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတွင် ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်မှုရှိပြီး အရန်အင်အားစုတစ်ရပ်အဖြစ် စုဆောင်းထားရန်တို့ဖြစ်သည်။

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်သည် တပ်ဖွဲ့ဝင်ကျောင်းသားအင်အား တပ်ခွဲတစ်ခွဲလျှင် (၁+၁၅၁) ဦး၊ တပ်ခွဲ ၁၀ ခွဲတွင် ၁၅၂၀ ဖြင့် အခြေခံစစ်ပညာသင်တန်း တပ်သားကြီးအဆင့်မှ တန်းမြင့်စစ်ပညာသင်တန်း အကြပ်အဆင့်ထိ သင်ကြားပေးနိုင်ခဲ့သည်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တက်ရောက်သင်ကြားခဲ့သော ကျောင်းသားတပ်ဖွဲ့ဝင်များမှ နယ်ဘက်နှင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့သည်။ ထိုသို့ပေါ်ထွန်းလာမှုသည် ရန်ကုန်တက္ကသိုလ်ကြီး၏ ကျေးဇူးကို တစ်ထောင့်တစ်နေရာမှ ပြန်လည်ဆပ်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများအဖြစ် စွမ်းဆောင်မှုဂုဏ်ရည်ကို မှတ်ကျောက်တင်ပြသနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

**စစ်ဘက်နှင့်အရပ်ဘက်တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြ**

အမိတက္ကသိုလ်ကြီးတွင် ပညာသင်ကြားစဉ် တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ ကျောင်းသားတပ်ဖွဲ့ဝင်များအဖြစ် သင်တန်းတက်ရောက်ခဲ့သူများတွင် စစ်ဘက်နှင့်အရပ်ဘက်တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရှားရှားပါးပါးပုဂ္ဂိုလ် ၃၀ ခန့်ကို မှတ်တမ်းတင်ထားခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်ရင်ခွင်တွင် ပညာသင်ကြား၍ UTC တွင် သင်တန်းတက်ရောက်ခဲ့သူတို့အနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူမင်းအောင်လှိုင်၊ ၁၉၆၀ ပြည့်နှစ်တွင် သင်တန်းတက်ရောက်ခဲ့သည့် လဝကဝန်ကြီး သီရိပျံချီ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ နယက(အဖွဲ့ဝင်)၊ လကခချုပ်၊ ကစထမှူး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ ကိုလိုနီခေတ်တွင် UTC တက်ရောက်ခဲ့ကြသည့် နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဝင်း(ငြိမ်း)၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၏သားဖြစ်သူ ဦးအောင်လက်ျာ၊ သံအမတ်ကြီးဦးပေါ်လွင်စိန်(ငြိမ်း)။

၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေကြမ်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌဦးဇော်မင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ထွန်း (ငြိမ်း)၊ မြန်မာနိုင်ငံရှေ့နေများအသင်း ဒုဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဇေယျ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးမြင့်ဦး (ငြိမ်း)၊ စာရေးဆရာရဲဘော်သစ်မောင်၊ ဒုဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း)၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့ကြသည့် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ(ငြိမ်း)၊ ဗိုလ်မှူးကြီးဇော်လင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့သည့် စစ်သံမှူးဗိုလ်မှူးချုပ်အောင်ချိန် (ငြိမ်း)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ (ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တက်ရောက်ခဲ့သည့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်း (ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တက်ရောက်ခဲ့သည့် သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်မောင်ဝင်း၊ ၁၉၈၀–၁၉၈၁ တွင် တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊

စာမျက်နှာ ၇ သို့ ☆

**“ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်)အား ဖွဲ့စည်းပုံဇယားအမှတ်၊ ကဖ ၁၀၈ က ၆၂ အရ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး တပ်အမည်ကို အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု အမည်ပြောင်းလဲခဲ့သည်။ တပ်မတော်လေ့ကျင့်ရေးတပ်၏ ရည်မှန်းချက်တာဝန်သည် လက်ရှိအပျော်တမ်း တပ်ဖွဲ့ဝင်များဖြစ်သော တက္ကသိုလ်ကျောင်းသားများအား ၎င်းတို့၏ပညာသင်နှစ် ပြီးဆုံးသောအခါ အမြဲတမ်းတပ်မတော်သို့ အရာရှိနှင့် အကြပ်အဆင့်များအဖြစ် ဝင်ရောက်အမှုထမ်းဆောင်နိုင်ရေး သင့်လျော်ကိုက်ညီသော စစ်ပညာသင်တန်းပေးရန်၊ ထိုသို့ လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတွင် ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်မှုရှိပြီး အရန်အင်အားစုတစ်ရပ်အဖြစ် စုဆောင်းထားရန်တို့ဖြစ် ”**

☆ စာမျက်နှာ ၆ မှ

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံညွန့် (ငြိမ်း)၊ ၁၉၈၁–၁၉၈၂ တွင် တက်ရောက်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင် (ငြိမ်း)၊ ၁၉၈၂–၁၉၈၃ တွင် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဇော်မြင့်နိုင်(ငြိမ်း)၊ ၁၉၈၅–၁၉၈၆ တွင် တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးဗိုလ်မှူးချုပ် ဝင်းကိုကို (ငြိမ်း)၊ အမှတ်(၃) သံမဏိစက်ရုံ စက်ရုံမှူး ဗိုလ်မှူးချုပ် မျိုးတင့်အောင် (ငြိမ်း) တို့ဖြစ်သည်။

အမိတက္ကသိုလ်ရင်ခွင်၌ ပညာသင်ကြားစဉ်ကာလအတွင်း UTC တွင် တက်ရောက်လေ့ကျင့်ခဲ့ကြပြီး အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာတွင်လည်း တာဝန်ထမ်းဆောင်ရာ၌ ထူးချွန်သောစွမ်းဆောင်ရည်တို့ဖြင့် နိုင်ငံ့သားကောင်းများ ပီသစွာနိုင်ငံတော်၏ တာဝန်တို့ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ထူးများပင် ဖြစ်သည်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသားများ စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်ကို လက်တွေ့သင်ကြားစဉ်။

**နိုင်ငံ့သားကောင်းများစွာကို**
**လေ့ကျင့်မွေးထုတ်ပေးခဲ့**

ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ပြီးနောက် UTC သို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များနည်းတူ ပြင်ပလောကတွင် နေထိုင်ခဲ့ကြသည့် UTC ကျောင်းသားဟောင်းများလည်းရှိသည်။ အချို့မှာ သက်ရှိထင်ရှားမရှိတော့ပေ။ ၁၉၈၈ ခုနှစ် မတိုင်မီနှင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်လည်း UTC သည် စစ်ပညာသင်ကြားလိုသည့် ကျန်းမာကြံ့ခိုင်သော ကျောင်းသား ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ UTC သည် ကိုလိုနီခေတ်မှ ယနေ့တိုင် နိုင်ငံ့သားကောင်းများစွာကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ရောင်စုံပန်းများ ဖူးပွင့်လျက်ရှိသည့် ပန်းဥယျာဉ်ကြီးတစ်ခုပမာ နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံ့သားကောင်းများစွာ ပေါ်ထွန်းခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးတွင် မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်မွေးဖွားရာနေရာတစ်ခုအဖြစ် ဂုဏ်ယူဖွယ်တည်ရှိလျက်ရှိသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပျောက်ကွယ်ခဲ့သည့် တက္ကသိုလ်အရန်တပ်ရင်း (UTC) ကို နိုင်ငံတော်အစိုးရက ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်နိုင်ခြင်းမရှိသော်လည်း မန္တလေးတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်) နှင့် (မန္တလေး) တို့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တက္ကသိုလ်အရန်တပ်ရင်း (မော်လမြိုင်) ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်းများကို တက္ကသိုလ်လေ့ကျင့်ရေးတပ်များအဖြစ် တိုးချဲ့ဖွဲ့စည်း ဖွင့်လှစ်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၆၆ နှစ်တာကာလအတွင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်စုစုပေါင်း ၄၇၀၁၀ အား လေ့ကျင့်ပေးခဲ့ပြီး တက္ကသိုလ်ဆရာ ဆရာမများအား တက္ကသိုလ်လေ့ကျင့်ရေးတပ် ပြန်တမ်းဝင်အရာရှိများအဖြစ် ၉၂ ဦးကို ခန့်အပ်ပေးနိုင်ခဲ့သည်။ ထိုအချိန်က ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဖေသိန်း တစ်ဦးတည်းသာ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၏ တပ်မှူးချုပ်ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီးအဖြစ် ခန့်အပ်ပေးခဲ့သည်။

တက္ကသိုလ်ပညာ ဆည်းပူးနေစဉ်အတွင်း အကျင့်စာရိတ္တကောင်းမွန်သော၊ ကျန်းမာသန်စွမ်းသော၊ စစ်ပညာကို စိတ်ပါဝင်စား၍ တက်ကြွစွာဖြင့် သင်တန်းမှန်မှန် တက်ရောက်နိုင်သော၊ တပ်ဖွဲ့ဝင်အဖြစ် အနည်းဆုံးနှစ်နှစ် လေ့ကျင့်သင်ကြားနိုင်သော၊ တက္ကသိုလ်/ ကောလိပ်တို့တွင် အချိန်ပြည့် သင်တန်းတက်ရောက်နိုင်သော၊ မိုးရာသီစခန်းချလေ့ကျင့်ရေးတွင်လည်း လိုက်ပါလေ့ကျင့်နိုင်သော ကျောင်းသား ကျောင်းသူများကိုသာ UTC တွင် လေ့ကျင့်သင်ကြားခွင့်ပေးခြင်းဖြစ်သည်။

**အကျိုးကျေးဇူးများကို**
**နိုင်ငံသားကောင်းတစ်ဦးပီသစွာ ရရှိ**

ထိုသို့ လေ့ကျင့်သင်ကြားခွင့်ရရှိခြင်းသည် တပ်မတော်၏ ဓလေ့စရိုက်နှင့် သဘောသဘာဝတို့ကို နားလည်စေခြင်း၊ လက်ရုံးတပ်ဖွဲ့များနှင့် ဒေသတွင်း အထိမ်းအမှတ်နေရာများသို့ လေ့လာရေးခရီးများ သွားရောက်သည့်အတွက် ဒေသန္တရဗဟုသုတနှင့် အခြားဗဟုသုတတိုးပွားစေခြင်း၊ တပ်စုအဆင့်အထိ စစ်ပညာရပ်များအား လေ့ကျင့်သင်ကြားနိုင်သော အခွင့်အရေးရရှိခြင်း၊ အနာဂတ်တွင် လုပ်ငန်းနယ်ပယ်အသီးသီး၌ တိုင်းပြည်တာဝန်ထမ်းဆောင်ချိန်တို့တွင် တွေ့ကြုံရမည့် စိန်ခေါ်အကဲစမ်းမှု အခက်အခဲများကို ဖြေရှင်းနိုင်ခြင်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်စေခြင်း၊ မြန်မာ့ရိုးရာကိုယ်ခံပညာရပ်ဖြစ်သော အနီးကပ်တိုက်ခိုက်နည်း (မြန်မာ့သိုင်း) ပညာရပ်အား သင်ကြားခွင့်ရရှိခြင်း၊ ပြည်သူ့စစ်အခြေခံ သဘောတရားများ သိရှိနားလည်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အရန်အင်အားစုများအဖြစ် အကျိုးပြုစေခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်ခြင်း၊ အချိန်ကို အကျိုးရှိစွာ စနစ်တကျစီမံခန့်ခွဲအသုံးပြုတတ်ခြင်းနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြုံလာလျှင် နိုင်ငံသားတစ်ဦးအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်နိုင်ရန် အသင့်ဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများကို နိုင်ငံသားကောင်းတစ်ဦးပီသစွာ ရရှိစေလျက်ရှိသည်။

အခြေခံစစ်ပညာဘာသာရပ်တွင် စစ်ရေးပြ (လက်နက်မပါ/လက်နက်ဖြင့်)၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာ(တပ်စိတ်)၊ အနီးကပ်တိုက်နည်း (မြန်မာ့သိုင်း)၊ သဘောတရားရေးရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြု၊ စက်ပစ်ကွင်း၌ လက်တွေ့ပစ်ခတ်ခြင်းနှင့် စုပေါင်းလေ့ကျင့်ခန်းတို့ကိုလည်းကောင်း၊ တန်းမြင့်စစ်ပညာသင်တန်းတွင် လက်နက်ငယ် ဘာသာရပ်၊ စစ်နည်းဗျူဟာ(တပ်စိပ်/တပ်စု)၊ အနီးကပ်တိုက်နည်း (မြန်မာ့သိုင်း)၊ သဘောတရားရေးရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြု၊ စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း၊ မြေပုံဖတ်နည်းနှင့် စုပေါင်းလေ့ကျင့်ခန်းတို့ကို လေ့ကျင့်သင်ကြားပေးလေ့ရှိသည်။

ထိုသို့သင်တန်းတက်ရောက်စဉ်တွင် သာမန်သင်တန်းချိန်၌ စစ်ဝတ်ပစ္စည်း ရှစ်မျိုး၊ သင်တန်းဆင်း ခရီးစရိတ်ကို ခရီးအကွာအဝေးအလိုက် ခံစားခွင့်ရှိခြင်းနှင့် မိုးရာသီ စခန်းချလေ့ကျင့်ချိန်တွင် စစ်ဝတ်ပစ္စည်း ၂၆ မျိုး၊ ရိက္ခာ/ရိက္ခာစိုငွေ၊ လက်ရှိခန့်အပ်စနစ်နှင့် ကိုက်ညီသောလစာစရိတ်နှင့် ဆံသ/ခဝါ စရိတ်တို့ ခံစားခွင့်ရရှိလျက်ရှိသည်။

တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့၊ တက္ကသိုလ်အရန်တပ်ရင်းမှသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်အဖြစ် ပြောင်းလဲလာခြင်းသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့၏ စစ်ပညာအပေါ် စိတ်ပါဝင်စားစွာ သင်ကြားလိုမှု၏ တက်ကြွလှုပ်ရှားမှုကြောင့်ပင်ဖြစ်သည်။ နိုင်ငံတိုင်းတွင် တပ်မတော်နှင့် တက္ကသိုလ်များရှိကြသည်။ အခြေခံပညာအဆင့်တွင် ကင်းထောက်အဖွဲ့များဖြင့်လည်းကောင်း၊ တက္ကသိုလ်ပညာအဆင့်တွင် တက္ကသိုလ်လေ့ကျင့်ရေး တပ်အဖြစ်လည်းကောင်း နိုင်ငံသူ နိုင်ငံသားတို့၏ ပင်ကိုစွမ်းရည်ကို ထုတ်ဖော်ပြသမှုမှ နိုင်ငံတော်ကာကွယ်ရေးစွမ်းအား၏ တောင့်တင်းခိုင်မာမှုကို ကမ္ဘာ့နိုင်ငံများ၌ ထုတ်ဖော်ပြသလေ့ရှိသည်။ ထိုသို့စွမ်းဆောင်မှုတွင် မြန်မာနိုင်ငံလည်းပါဝင်သည်။

**အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်**

တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးမှု၊ မျိုးချစ်စိတ် ရှင်သန်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးမှာ ကျောင်းသား ကျောင်းသူနှင့် လူငယ်တစ်ရပ်လုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်သည်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)သည် နိုင်ငံ့သားကောင်းများစွာကို မွေးထုတ်ပေးလျက်ရှိသည်။ ယခင်က မွေးထုတ်ပေးခဲ့သည့် ကျောင်းသားဟောင်းများသည် ယနေ့တွင် တိုင်းပြည်တာဝန်ကို ဦးလည်မသုန် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည်။ နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်လာမည့် UTC ၏တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့ဝင်များသည်လည်း တိုင်းပြည်၏ အနာဂတ်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် ပုဂ္ဂိုလ်များစွာ တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) မှ ပေါ်ထွန်းလာမည်ဖြစ်ရာ ထိုပုဂ္ဂိုလ်များသည် နောင်တစ်ခေတ်၏ နိုင်ငံ့သားကောင်း အောင်စစ်သည်များပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❛ **တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့၊ တက္ကသိုလ်အရန်တပ်ရင်းမှသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်အဖြစ် ပြောင်းလဲလာခြင်းသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့၏ စစ်ပညာအပေါ် စိတ်ပါဝင်စားစွာ သင်ကြားလိုမှု၏ တက်ကြွလှုပ်ရှားမှုကြောင့်ပင်ဖြစ်သည်။ နိုင်ငံတိုင်းတွင် တပ်မတော်နှင့် တက္ကသိုလ်များရှိကြသည်။ အခြေခံပညာအဆင့်တွင် ကင်းထောက်အဖွဲ့များဖြင့်လည်းကောင်း၊ တက္ကသိုလ်ပညာအဆင့်တွင် တက္ကသိုလ်လေ့ကျင့်ရေးတပ်အဖြစ်လည်းကောင်း နိုင်ငံသူ နိုင်ငံသားတို့၏ ပင်ကိုစွမ်းရည်ကို ထုတ်ဖော်ပြသမှုမှ နိုင်ငံတော်ကာကွယ်ရေးစွမ်းအား၏ တောင့်တင်းခိုင်မာမှုကို ကမ္ဘာ့နိုင်ငံများ၌ ထုတ်ဖော်ပြသလေ့ရှိသည်။ ထိုသို့စွမ်းဆောင်မှုတွင် မြန်မာနိုင်ငံလည်းပါဝင်** ❜

*ကျမ်းကိုး–*

- အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် ရည်မှန်းချက်တာဝန် အကောင်အထည်ဖော်မှု
- ရန်ကုန်တက္ကသိုလ် တက္ကသိုလ်လေ့ကျင့်ရေးတပ် သင်တန်းတက်ရောက်ရေးလမ်းညွှန်

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ စုပေါင်းထမနဲထိုးပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ စုပေါင်းထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၇)ရှိ ထီးသုံးလက်ဘုရားကုန်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေ မန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဦးစီးဌာနနှင့် စက်မှုလုပ်ငန်းတို့မှ ဝန်ထမ်းများ၏ ထမနဲထိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပွဲကို ရိုးရာဓလေ့ကို ထိန်းသိမ်းရန်၊ ဝန်ထမ်းများ၏ စိတ်ပင်ပန်းနွမ်းနယ်နေမှုများကို ဖြေလျှော့ပြေပျောက်ပြီး အားအင်သစ်များ ရရှိစေရန်၊ လုပ်ငန်းခွင် ပျော်ရွှင်စေရန်၊ လုပ်ငန်းတာဝန်များကို ယခင်ကထက် ပိုမိုစွမ်းဆောင်လာနိုင်စေရန်၊ ဝန်ထမ်းများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေရန်နှင့် အချင်းချင်း စည်းလုံးညီညွတ်ပြီး အဖွဲ့အစည်းစိတ်ဓာတ်ဖြစ်ပေါ် ခိုင်မာအားကောင်းလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသော အရာထမ်း၊ အမှုထမ်းမိသားစုများနှင့် အပျိုဆောင်၊ လူပျိုဆောင်တို့တွင် နေထိုင်ကြသော ဝန်ထမ်းများအနေဖြင့် အိမ်ရာနှင့် အဆောင်လုံခြုံရေးအသိဖြင့် ညှိသည်များ၊ မသက်ဆိုင်သူများလက်ခံထားရှိခြင်း မပြုရန်နှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ လာရောက်တည်းခိုနေထိုင်ပါက ခွင့်ပြုချက်ရရှိမှသာ တည်းခိုရန်နှင့် ညှိစာရင်းတိုင်ကြားရန်၊ အမှိုက်များစွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင်ပြုလုပ်ရန်၊ လျှပ်စစ်မီးများကို ဂရုစိုက်သုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် အညီ လိုက်နာနေထိုင်ရန်နှင့် လုံခြုံရေးအထူး သတိပြုရန်တို့ကို မှာကြားပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဝန်ထမ်းမိသားစုများ စိုက်ပျိုးထားသော သီးပင်စားပင်စိုက်ခင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေ (ပထမ) နှစ်စက်ဝန်းအတွက် ငွေကျပ် ၂၉၄ သိန်းထုတ်ချေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ (ပထမ)နှစ်စက်ဝန်းအတွက် ချေးငွေထုတ်ချေးပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရဲမွန် Smart Village ကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။



**ထုတ်ချေးပေးခဲ့**

အဆိုပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးရာသို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာမြစိမ်းရောင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းအမျိုးအစားငါးမျိုးခွဲခြား၍ ချေးငွေ အောင်သူ အသင်းသား ၅၃ ဦးထံသို့ ငွေကျပ် ၂၉၄ သိန်းအား နေ့ချင်းပြီး ထုတ်ချေးပေးခဲ့သည်။ ယင်း ရဲမွန်စံပြကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

■



# ကျောက်တံခါးမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက တောင်သူများဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ မျိုး၊ မြေ၊ ရေ၊ နည်းမှန်ကန်စွာ အသုံးချနိုင်ရေးနှင့် လက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသက်နိုင်ထွေးက တက်ရောက်လာသူများအား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယာယီတာဝန်ခံ ဒေါ်ဥမ္မာသိမ့်က နွေစပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို တောင်သူဦးမျိုးဝင်းညွန့်၏ လယ်မြေနှစ်ဧကတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆိပ်ကြီးခနောင်တိုမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ကြီးခနောင်တို ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနက ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ လိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းများကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်သန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သန္နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများအား လျှပ်စစ်မီးဖိုများ စနစ်တကျသတိရှိစွာသုံးစွဲရေး၊ ဆိုင်ခန်းများတွင် အရေးပေါ်မီးသတ်ဆေးဘူးထားရှိရေး၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ဈေးသူဈေးသားများနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းအား ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။



ဝေယံ(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပဲခူးမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းသင်တန်းဖွင့်လှစ်



**ပဲခူး ဖေဖော်ဝါရီ ၂၇**

ပဲခူးမြို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်း သင်တန်းဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ငါးရိက္ခာဖူလုံ ပိုလျှံနိုင်ရန်အတွက် အခြေခံ ငါးမွေးမြူရေးနှင့် ငါးသားဖောက် နည်းပညာတို့သည် အဓိက အရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အတွင်းမှ ထုတ်လုပ်ရရှိသည့် ငါးများကိုအခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်များ ဖြစ်လာစေရန် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်းနှင့် မြို့နယ်အလိုက် သဘာဝငါးမျိုးများ မျိုးစိုက်ထည့်ခြင်းအပြင် သတ်မှတ်စည်းကမ်းနှင့်အညီ ဖမ်းယူကြရန်၊ အလွန်အကျွံဖမ်းဆီးမှုကို တားဆီးရန်နှင့် ရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်သင်တန်းတက်ရောက်မည့် ငါးလုပ်ငန်းရှင်များ၊ ပဲခူး တက္ကသိုလ် သတ္တဗေဒနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ ဌာနတွင်း ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး သဘာဝငါးမျိုးများ ပြုန်းတီးမှုမရှိစေရေး မျိုးပွားထုတ်လုပ်လျက်ရှိသည့် သဘာဝငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးဖန်းမ စသည့် မျိုးပွားကန်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းသင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ငါးလုပ်ငန်းရှင်များ၊ ပဲခူးတက္ကသိုလ် သတ္တဗေဒနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ ဌာနတွင်းဝန်ထမ်းများ စုစုပေါင်း ၄၁ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ပေါကြွယ်ဝသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ပန္နရသမအကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိကွင်းပြင်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများနှင့် အိုးစည်ဒိုးပတ်များ၊ အကများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု ရရှိကြသူများနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြိုင်ပွဲဝင်အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများ ဆောင်ရွက်

**ရေတာရှည် ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ (၂၅) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများသည် ပြည်သူများ ဆေးကုသမှုစရိတ်လျော့နည်း ကျဆင်းစေရေး အတွက်ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီမှစတင်ကာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



## ရောဂါရှာဖွေစမ်းသပ်

အဆိုပါ ဆေးဝါးကုသပေးရာတွင် အထွေထွေရောဂါ၊ အရိုးအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ မျက်စိအထူးကု၊ အရေပြားအထူးကု၊ သွားရောဂါ အထူးကုဆရာဝန်ကြီးများက အထွေထွေလူနာ ၂၈၂ ဦး၊ ခွဲစိတ်ရောဂါ ၇၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးအကြောလူနာ ၉၉ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ၄၇ ဦး၊ မျက်စိရောဂါ ၁၂၀၊ အရေပြား ၄၀၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ၇၄ ဦး၊ ရောဂါဗေဒ ၂၄ ဦး၊ ဓာတ်မှန် ၃၀ စုစုပေါင်း ပြင်ပလူနာ ၈၇၉ ဦး၊ အသေးစားခွဲစိတ်ကုသမှုလူနာ ၂၉ ဦးနှင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသနိုင်ရန် လိုအပ်သည့် လူနာ ၉၃ ဦးကို ရောဂါရှာဖွေ စမ်းသပ်မှုများ စစ်ဆေးဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**

■

# ရမည်းသင်းမြို့ မြို့မဈေးမီးဘေးလုံခြုံရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၇**

ရမည်းသင်းမြို့နယ်တွင် ပူပြင်းခြောက်သွေ့၍ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်း မီးဘေးအန္တရာယ်မှ ကင်းစေရန်အတွက် ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့ ဦးဆောင်၍ မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးသည်များ ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၃ နာရီက စည်ပင်သာယာဈေးအတွင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



## လက်တွေ့ဆောင်ရွက်

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသူရလင်းက မီးလောင်မှုအကြောင်းရင်း၊ မီးလောင်မှုအမျိုးအစားများ၊ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုနည်း၊ မီးသတ်ယာဉ်တွင်ပါဝင်သော ပစ္စည်းများကို ရှင်းလင်းခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြကာ ဈေးသည်များကိုယ်တိုင် မီးစတင်လောင်ကျွမ်းမှု ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်စေခြင်း၊ မီးသတ်ပိုက်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်စေခြင်းလုပ်ငန်းတို့ကို ဈေးသူဈေးသားများက လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၂၇ ရက်က ရေစိုကျေးရွာအုပ်စု၊ တက်သစ် ကျေးရွာအုပ်စု၊ တူးချောင်းကျေးရွာအုပ်စုနှင့် စံကင်းကြီး ကျေးရွာအုပ်စုတို့သို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးနေမှုကို မြို့နယ် မြေပြင်စာရင်းကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦး၊ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ အဖွဲ့ဝင်(၃) မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

PDF အမည်ခံ အကြမ်းဖက်သမား ၁၃၀ ခန့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်အတွင်းသို့ တောင်ဘက်မှဝင်ရောက်၍ ပညာသင်ကြားပြသနေသော ဆရာ ဆရာမများ၊ တက်ရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး အမှား၊ အမှန်၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတတ်အောင် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခြင်းသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့် ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနာဂတ်မျိုးဆက်သစ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် ၎င်း PDF အမည်ခံအကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များကိုဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချသည့် အကြမ်းဖက်လုပ်ရပ်ကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကလေးတက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေရန် နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် အနာဂတ်မျိုးဆက်သစ် လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများနှင့် အနန္တဂိုဏ်းဝင် ဆရာ/ ဆရာမများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာဖြစ်အောင် မွေးထုတ်ပေးမည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများကို လူသားတံတိုင်းအဖြစ် အသုံးပြုကာ ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြမ်းဖက်လုပ်ရပ်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ အမှား၊ အမှန်၊ အဆိုး၊ အကောင်းတို့အား ဝေဖန်ပိုင်းခြားတတ်အောင် လမ်းပြသင်ကြားပေးလျက်ရှိသော ဆရာ/ဆရာမများနှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားသော PDF အမည်ခံအကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသော အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်/လူရွယ် ကျောင်းသား/ ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အကြမ်းဖက်သမားများက အတင်းအဓမ္မလူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို စိတ်မကောင်းဖွယ်ရာ ကြားသိနေရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အနာဂတ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သနန္တဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ အကြမ်းဖက်ဝင်ရောက်၍ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

စစ်ရေးပစ်မှတ်မဟုတ်သော ပညာရေးဝန်ထမ်းများနှင့် ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဓားစာခံအဖြစ် အသုံးပြုခြင်းတို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်ကို အကြမ်းဖက်သမားများက လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာဆရာမအချို့အား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သည့်ပညာရေးဆိုင်ရာ အဆောက်အအုံနှင့် ဆရာဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖျက်ဆီးနှောင့်ယှက်ခြင်းဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့်လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ရပါသည်။

၃။ ကလေးတက္ကသိုလ်ကို ယခုလို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ဓားစာခံအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် လုပ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာ နည်းမျိုးစုံအသုံးပြုလျက် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်အတွင်းသို့ ဝင်ရောက်၍ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များက အချိန်မီ သွားရောက်ကယ်ဆယ်ဆောင်ရွက်ခဲ့မှုကြောင့် စုစုပေါင်း (၂၈၅)ဦးအား အချိန်မီ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သော်လည်း၊ အချို့ဝန်ထမ်း၊ ဆရာ/ ဆရာမနှင့် ကျောင်းသား/ကျောင်းသူ(စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်များ၊ စာသင်ကျောင်းများအား ရည်ရွယ်ချက်ရှိစွာဖြင့် ဝင်ရောက်ပစ်ခတ်ဖျက်ဆီးခြင်း၊ ၎င်းနေရာများကို အကာအကွယ်ရယူတိုက်ခိုက်ခြင်းတို့အပေါ် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ PDF အမည်ခံအကြမ်းဖက်သမား အင်အား ၁၃၀ ခန့်က ကလေးတက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ကာ အချို့ဝန်ထမ်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူအချို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ဘက်ပစ်မှတ်မဟုတ်ဘဲ စာသင်ကျောင်းကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်သောကြောင့် အကြမ်းဖက်တိုက်ခိုက်သူ PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထွန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံ့ သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် မွေးထုတ်သင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အနာဂတ် လူငယ်၊ လူရွယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၂၇-၂-၂၀၂၄)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ၂၆-၂-၂၀၂၄ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထိုသို့ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် သင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အေးချမ်းစွာပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

# PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးရန် ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ကယ်တင်ခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၈၅ ဦးအား ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၅ ဦးတို့အား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံကာ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်ထိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျိုက်ထို ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ လိုက်လံဆောင်ရွက်ကြသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ကျိုက်ထိုမြို့ အထက(၁)ကျောင်းရှေ့ရှိ ရန်ကုန်–မော်လမြိုင်အဝေးပြေးကားလမ်းမကြီးပေါ်၌ လှုပ်ရှားသွားလာနေကြသည့် ယာဉ်များ၊ ဆိုင်ကယ်များ၊ ပြည်သူများကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။



ကျိုက်ထို(ပြန်/ဆက်)

■

## ဘီးလင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဘီးလင်း ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ လိုက်လံဆောင်ရွက်ကြသည်။

**ဖြန့်ဝေ**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စစ်တပ်လမ်းဆုံ၊ ကျွန်းတောလမ်းဆုံ၊ သကြားစက်လမ်းဆုံနှင့် ဆရာစံရပ်ကွက် ဗိုလ်ချုပ်လမ်းဆုံတို့တွင် လှုပ်ရှားသွားလာနေကြသည့် ယာဉ်များ၊ ဆိုင်ကယ်များ၊ ပြည်သူများကို ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ဘီးလင်း(ပြန်/ဆက်)

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ နိုင်ငံ့အကျိုးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် သားကောင်းရတနာ၊ သမီးကောင်းရတနာများ မွေးထုတ်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုအပေါ် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အဆိုပါကျောင်းအတွင်းရှိ ရူပဗေဒနှင့် သတ္တဗေဒ စာသင်ဆောင်များတွင် ဖမ်းဆီးထားကြောင်း၊ ဖမ်းဆီးထားသူများ အနက်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများနှင့် အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ၏ဘဝကို ဖျက်လို့ဖျက်ဆီး လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ ကလေးမြို့၊ ကလေးတက္ကသိုလ်ကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်ထဲသို့ ဝင်ရောက်၍ ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးထားရှိကြောင်း သိရှိရသဖြင့် ပြန်လည်ကယ်ဆယ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၈၅ ဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း အချို့သော ဝန်ထမ်း၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ (စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းများကို အကာအကွယ်ယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အရပ်သားများအား ခြိမ်းခြောက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ၊ စာပေပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ရုံးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# အိန္ဒိယနိုင်ငံ၌ ပထမဆုံးလူလိုက်ပါမည့်အာကာသယာဉ် Gaganyaan အတွက် အာကာသယာဉ်မှူးများ လျာထား



နယူးဒေလီ ဖေဖော်ဝါရီ ၂၇

အိန္ဒိယနိုင်ငံ၏ လာမည့်နှစ်တွင် လွှတ်တင်မည့် ပထမဆုံးလူလိုက်ပါမည့်အာကာသယာဉ် Gaganyaan အတွက် အာကာသယာဉ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ရန် လေတပ်မှ လေသူရဲလေးဦးကို လျာထားကြောင်း အိန္ဒိယအစိုးရက ယနေ့ပြောကြားသည်။

၎င်းအာကာသယာဉ်မှူးလောင်းများအား နိုင်ငံတောင်ပိုင်းကီရာလာပြည်နယ်ရှိ Vikram Sarabhai အာကာသစင်တာတွင် ဝန်ကြီးချုပ်မိုဒီက တွေ့ဆုံခဲ့သည်။ နှစ်ပေါင်း ၄၀ ကြာမြင့်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသားများ အာကာသထဲသို့ သွားရောက်နိုင်တော့မည်ဟု ဝန်ကြီးချုပ်မိုဒီက မှတ်ချက်ပြုပြောကြားသည်။

၁၉၈၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသားတစ်ဦး ရုရှားအာကာသယာဉ်ဖြင့် အာကာသထဲသို့ရောက်ရှိခဲ့သည်။ ပထမဆုံးလူလိုက်ပါမည့်အာကာသယာဉ် Gaganyaan ၏ အဓိကရည်မှန်းချက်သည် အဆိုပါ အာကာသယာဉ်မှူးများအား အာကာသပတ်လမ်း အကွာအဝေး ကီလိုမီတာ ၄၀၀ အထိ သွားရောက်တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး အချိန်အားဖြင့် သုံးရက်ကြာမြင့်မည်ဖြစ်ကာ အိန္ဒိယနိုင်ငံ၏ ပင်လယ်ပြင်တွင် ပြန်လည်ဆင်းသက်စေမည်ဖြစ်သည်။

အိန္ဒိယ နိုင်ငံက ၂၀၃၅ ခုနှစ်တွင် ကိုယ်ပိုင်အာကာသစခန်းတည်ဆောက်ရေး ဆောင်ရွက်မည်ဟု မိုဒီက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံက အာရပ်စော်ဘွားများပြည်ထောင်စုတွင် ပထမဆုံး ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးစင်တာ ဖွင့်လှစ်

ဖနောင်ပင် ဖေဖော်ဝါရီ ၂၇

ကမ္ဘောဒီးယားနိုင်ငံသည် ပင်လယ်ကွေ့ဒေသဖြစ်သည့် အာရပ်စော်ဘွားများပြည်ထောင်စုတွင် ၎င်း၏ထုတ်ကုန်များကို တိုးမြှင့်တင်ပို့ရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု၏မြို့တော် အဘူဒါဘီတွင် ပထမဆုံးသော ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးစင်တာ ဖွင့်လှစ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆောင်ရွက်ခဲ့**

ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် အဘူဒါဘီရှိ ကမ္ဘောဒီးယားနိုင်ငံ ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးစင်တာဖွင့်ပွဲ အခမ်းအနားတွင် ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွင်းဝန်ကမ်ရန်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဘူဒါဘီရှိ ကမ္ဘောဒီးယား ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးစင်တာကို ဖွင့်လှစ်ရခြင်းသည် ကမ္ဘောဒီးယားထုတ်ကုန်များ နိုင်ငံတကာ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရန် တည်ထောင်ထားခြင်းဖြစ်ကြောင်း ကမ်ရန်က ဆက်လက်ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ခရီးသွားလုပ်ငန်းဘက်တွင်မူ ကမ္ဘောဒီးယားနိုင်ငံသို့ယမန်နှစ်က အာရပ်စော်ဘွားများပြည်ထောင်စုမှ ခရီးသွား ၁၉၂ ဦး လာရောက်ခဲ့ပြီး ၅၆ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းမှုအရ နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်






# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၉၇၇၈ ဦးအထိ ရှိလာ

ဂါဇာ ဖေဖော်ဝါရီ ၂၇

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူဦးရေသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစပြီး လက်ရှိအချိန်အထိ ၂၉၇၇၈ ဦးအထိ ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

**၁၇၂ ဦး ဒဏ်ရာရ**

အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၉၆ ဦး သေဆုံးပြီး ၁၇၂ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက လူနာတင်ယာဉ်များနှင့် အရပ်ဘက်ကာကွယ်ရေးအဖွဲ့များ ဝင်ရောက်ခွင့်ကိုဟန့်တားထားခြင်းကြောင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူအချို့ ကျန်ရှိနေသေးကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးစစ်တပ်သည် ဂါဇာကမ်းမြောင်ဒေသ၏ နယ်မြေအသီးသီးကို လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူသေဆုံးမှုနှင့် ဒဏ်ရာရမှု အများအပြားဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အစ္စရေးစစ်ဘက်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရာဖာမြို့လယ်ရှိ နေအိမ်တစ်လုံးတွင်နေထိုင်သည့် လူကိုးဦးသေဆုံးခဲ့ကြောင်းသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်ယူနစ်မြို့ရှိ အိမ်တစ်လုံးအား အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ငါးဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

လက်ရှိတွင် အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဟားမတ်စ်တို့၏အကြမ်းဖက်တိုက်ခိုက်မှုကို လက်တုံ့ပြန်ရန် အစ္စရေးစစ်ဘက်က ကြီးမားသော ထိုးစစ်တစ်ရပ်ကို ပြုလုပ်နေကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# အစ္စရေးနိုင်ငံ၌ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအတွက် အသင့်ပြင်ဆင်

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၇

အစ္စရေးနှင့်လက်ဘနွန် ဟစ်ဇ်ဘိုလာအဖွဲ့တို့ကြား စစ်ပွဲအတွက် ကာကွယ်ရေးပစ္စည်းများ အသင့်ထုတ်လုပ်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ စက်ရုံပေါင်း ၂၀၀၀ ကျော်ကို အသင့်ပြင်ဆင်ထားကြောင်း အစ္စရေးနိုင်ငံ စက်မှုပစ္စည်းထုတ်လုပ်ရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။ စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုဟု ခေါင်းစဉ်တပ်ထားသည့် ညွှန်ကြားလွှာတစ်စောင်တွင် စက်မှုပစ္စည်းထုတ်လုပ်ရေးအဖွဲ့က ၎င်းစက်ရုံများတွင် အလုပ်သမား ၄၀၀၀၀၀ ခန့်ကို အလုပ်ခန့်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

အစ္စရေး၏ မြောက်ပိုင်းနယ်စပ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွက် သံတမန်နည်းလမ်းအရ မဖြေရှင်းနိုင်ပါက စစ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ အကယ်၍ စစ်ပွဲဖြစ်ပွားပါက တစ်ရက်လျှင် နာရီပေါင်းများစွာ ဓာတ်အား ပြတ်တောက်နိုင်ကြောင်း အဆိုပါစာတွင် ဖော်ပြထားသည်။

ထို့ကြောင့် စက်ရုံများအနေဖြင့် လျှပ်စစ်ဓာတ်အား သို့မဟုတ် သဘာဝဓာတ်ငွေ့သုံးစွဲရေးအတွက် အရန်စနစ်များကို စစ်ဆေးရန်နှင့် အနည်းဆုံး ၇၂ နာရီကြာ လောင်စာများသိုလှောင်ထားရေးအတွက် တာဝန်ရှိသူများက ညွှန်ကြားထားသည်။ စက်မှုပစ္စည်း ထုတ်လုပ်ရေးအဖွဲ့သည် အရေးပေါ်အခြေအနေတွင် အစ္စရေးစက်မှုလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများနှင့် ဆက်သွယ်ရမည့် အထူးအရေးပေါ်ဌာနကိုလည်း ဖွင့်လှစ်ထားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ လေပွေတိုက်ခတ်မှုများ ဖြစ်ပွား

ဂျကာတာ ဖေဖော်ဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံ၏ ဒေသများတွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း လေပွေများ တိုက်ခတ်ခဲ့ပြီးနောက် နိုင်ငံသားများ သတိပြုနေထိုင်ကြရန် အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီက ဖေဖော်ဝါရီ ၂၇ ရက်တွင် ညွှန်ကြားခဲ့သည်။ အနောက်ဂျာဗားပြည်နယ် ဘန်ဒေါင်းနှင့် ဆူမီဒန်ခရိုင်တို့တွင် လေပွေမုန်တိုင်းတိုက်ခတ်ခဲ့ပြီး စက်ရုံများနှင့် လူနေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည်။ ယင်းခရိုင်နှစ်ခုတွင် လူပေါင်း ၃၀ကျော် ဒဏ်ရာရခဲ့ပြီး ၁၄၀၀ ကျော် ယာယီစခန်းများတွင် ခိုလှုံနေကြရကြောင်း သိရသည်။

အင်ဒိုနီးရှားသည် စိုစွတ်သောရာသီမှ ခြောက်သွေ့ရာသီသို့ ကူးပြောင်းနေသောကြောင့် လေပွေတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သည်ဟု အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီအကြီးအကဲ Dwikorita Karnawati က ထပ်လောင်းပြောကြားသည်။ အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီ၏ အချက်အလက်များအရ အင်ဒိုနီးရှားသည် ၂၀၁၄ မှ ၂၀၂၄ ခုနှစ်အတွင်း လေပွေမုန်တိုင်း ၈၆၂၅ ကြိမ် တိုက်ခတ်ခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအား ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် စုဆောင်းနေသည်ဟူသော သတင်းများ လုံးဝမှန်ကန်မှုမရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ်တွင်ရှိသော ဘင်္ဂါလီများအား စစ်မှုထမ်းရန် SAC က စာရင်းကောက်ယူနေသည်ဆိုသော သတင်းမှာ လုံးဝမှန်ကန်မှုမရှိဘဲ လုပ်ကြံဖန်တီးရေးသားထားခြင်းသာဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဘင်္ဂလားဒေ့ရှ်မီဒီယာ တစ်ခုဖြစ်သည့် The Business Standard ၏ ဝက်ဘ်ဆိုက် သတင်းတစ်ခုတွင် မြန်မာအစိုးရက ဒုက္ခသည်စခန်းများရှိ အကန့်အသတ်ခံထားရသည့် ဘင်္ဂါလီများကို လွတ်လပ်စွာသွားလာခွင့်ပေးမည်ဟု ကမ်းလှမ်းပြီး စစ်မှုထမ်းစေရန် လုပ်ဆောင်နေသည်ဟု သတင်းရေးသားထားခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် သတင်းဌာနအချို့က တရားမဝင် မြန်မာမီဒီယာအချို့၏ ရေးသားချက်ကို ကိုးကား၍ ရေးသားနေကြခြင်းဖြစ်ကြောင်းနှင့် RFA ၏ အခြေအမြစ်မရှိသော သတင်းကို ကိုးကားရေးသားခြင်းဖြစ်ကြောင်းလည်း သိရသည်။

"အဲဒီလိုမျိုး မရှိပါဘူး။ ဘင်္ဂါလီတွေက နိုင်ငံသားလည်းမဟုတ်ဘူးလေ။ ပြီးတော့ စစ်မှုထမ်းဥပဒေကလည်း အခုအချိန်ထိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဦးစီးအဖွဲ့တွေပဲ ဖွဲ့ရသေးတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး စတဲ့ အဖွဲ့တွေ အများကြီး ဖွဲ့ရအုံးမှာ။ နည်းဥပဒေလည်း ထုတ်ပြန်ရအုံးမှာ။ အဲဒါတွေ လုပ်ရအုံးမှာဆိုတော့ အခုထွက်နေတဲ့ သတင်းတွေက မဟုတ်ပါဘူး။ ဒီမှာတော့ အဲဒီလိုတွေ မရှိဘူး"ဟု ၎င်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ် အခြေစိုက် ဒါကာထရီဗျူး သတင်းဌာနက "နယ်စပ်ဒေသရှိ ထောင်နှင့်ချီသော ဘင်္ဂါလီဒုက္ခသည်များအား လက်ရှိဖြစ်ပွားနေသော တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် ခေါ်ဆောင်သွားသည်ဟု အတည်မပြုနိုင်သေးသောသတင်းများ ထွက်ပေါ်နေကြောင်း" လည်း မဟုတ်မမှန်ရေးသား ဖော်ပြထားသည်။

တရားမဝင်မီဒီယာများက ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ကြောင်း ကြေညာပြီးသည့်နောက်ပိုင်းတွင် ပြည်သူများနှင့် ဒေသခံများ စိုးရိမ်ပူပန်မှုကြီးထွားစေရန် အတွက် မဟုတ်မမှန်သတင်းများကို အမျိုးမျိုးလုပ်ကြံ ရေးသားခဲ့ပြီးနောက် ယခုသတင်းတုကိုလည်း ပုံစံတစ်မျိုးဖြင့် ထုတ်လွှင့်လာကြခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက်မီဒီယာ စောင့်ကြည့်လေ့လာသူတစ်ဦးက ပြောကြားသည်။

မျိုးခိုင်

# ပြည်ကြီးတံခွန်မြို့နယ်၌ တရားမဝင်သိုလှောင်ထားသည့် ငွေကျပ် နှစ်ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ငါးတန် သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ တရားမဝင်သိုလှောင်ထားသည့် ငွေကျပ် နှစ်ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းငါးတန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၂ လမ်း ၁၃၉ လမ်းထောင့်ရှိ ကျော်စိုး(ခ)အားလျုံ ၄ားရမ်းထားသည့် ဂိုဒေါင်အား သတင်းအရ ရှာဖွေရာ ဂိုဒေါင်အတွင်းမှ တရားမဝင်သိုလှောင်ထားသောဆာလာအိတ် ၂၀၀ ဖြင့်ထည့်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် နှစ်ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ငါးတန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ကဖင်းများအား မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ကျော်စိုး(ခ)အားလျုံအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# လူသတ်မှုတရားခံ သိန်းထက်အောင်(ခ)နက်ကြီးနှင့် ရဲစိုးထက်(ခ)ကုလားတို့ နှစ်ဦးအား ဖမ်းဆီးရမိ

မန္တလေး ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီခန့် ချမ်းမြသာစည်မြို့နယ် လေဆိပ်ဟောင်းအနောက်ဘက်တွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ အမှတ်(၁၁)နယ်မြေ ရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင် ဦးစီးအဖွဲ့ဖြင့် စုံစမ်းခဲ့ရာ သေဆုံးသူမှာ ဦးအောင်မင်း(၅၁)နှစ် (ဘ) ဦးဘရှိန် ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံဖမ်းဆီးရမိရေးဦးစီးအဖွဲ့များ ခွဲ၍ စုံစမ်းဆောင်ရွက်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး Police Command Center တွင် တပ်ဆင်ထားသော CCTV မှတ်တမ်းအရ ဆိုင်ကယ်စီး မသင်္ကာသူ အမည်မသိအမျိုးသားနှစ်ဦး၏ ပုံသဏ္ဌာန်အားရရှိခဲ့ပြီးနောက် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသား၏ပုံသဏ္ဌာန်မှာ နွားခိုးမှု၊ လုယက်မှုများဖြင့် ပြစ်ဒဏ်အကြိမ်ကြိမ်ကျခံပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူ ချမ်းမြသာစည်မြို့နယ် ချမ်း/ တောင် ရပ်ကွက် အကွက်(၈၆၇) ကံရွာနေ သိန်းထက်အောင်(ခ) နက်ကြီး(၃၁)နှစ် (ဘ) ဦးမောင်ငွေ(ခ)ဦးဘိုမှူးနှင့် ပုံသဏ္ဌာန် တူညီနေ၍ အသွင်ယူစောင့်ဆိုင်းဖမ်းဆီးစဉ် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မြို့ဟောင်းဘူတာ၌ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်တရားခံ ရဲစိုးထက်(ခ)ကုလား (၂၉)နှစ် (ဘ)ဦးစိုးပိုင် ချမ်းမြသာစည်မြို့နယ်နေသူအား မြို့ဟောင်းဈေးအနီးတွင် သက်သေခံဓားနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



တရားခံနှစ်ဦးနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်း မှတ်တမ်းဓာတ်ပုံ။

ပြစ်မှုကျူးလွန်သူ တရားခံ သိန်းထက်အောင်(ခ)နက်ကြီးနှင့် ရဲစိုးထက်(ခ)ကုလားတို့ နှစ်ဦးသည် ယခုပြစ်မှုမကျူးလွန်မီ မန္တလေးမြို့၌ လမ်းသွားလမ်းလာများထံမှ ဖုန်းလုယက်မှုလေးကြိမ် ကျူးလွန်ခဲ့ပြီး ယခုပြစ်မှုကျူးလွန်ပြီးနောက် ဆိုင်ကယ်ခိုးမှုတစ်ကြိမ်နှင့် ဖုန်းလုယက်မှုတစ်ကြိမ် ထပ်မံကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး သက်သေခံဖုန်းများနှင့် ဆိုင်ကယ်တို့အား သိမ်းဆည်းပြီး ဥပဒေနှင့်အညီ ဆက်လက်အမှုများရေးဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၂-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ် ဓဇဂ္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၀ သုတပဒေသာ စိုက်ပျိုးနည်းပညာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၁၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁:၃၀ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (အင်္ဂလိပ်စာဘာသာရပ်)
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Weekly Soccer Preview
- ၁၅:၃၀ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (သင်္ချာဘာသာရပ်)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ Next Level
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) 'ပေးပုံ...ဖြေပုံ...စကားပုံ'
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားက ချစ်လိပ်ပြာ' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း) အဆင့်) (တတိယဆု) 'ပညာရွှေအိုး' (မန္တလာပန်တျာအမြင့်သဘင်ရုပ်စုံအဖွဲ့) (မန္တလေးတိုင်းဒေသကြီး)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၆)

**mitv**

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:09 Dances of Myanmar: Mon Farmer Choral Dance
- 07:19 Discovering Tribes: Pa-O: their life and customs (Part-2)
- 08:01 News
- 08:26 Nature's Progeny Town: December Garden
- 08:51 Millennia Pauk-Phaw Friendship (Thatbyinnyu Temple)
- 09:01 The Art of Sand Painting
- 09:11 Artist Life: Designer Nay Chi Win Lai Yee
- 09:28 Ramayana Classic Talk & Discussion (Episode-2)
- 10:01 News
- 10:26 Topical Topics (No. 27) The Strength of the Nation lies Within & Eliminate Illegal Trade

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (သဟဇာတ)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** သစ်ကြားသီးနှင့်ကျန်းမာရေး
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
- **စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** ဖွားဖွားသက်ရှည်
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ကရင်စကားပုံများအကြောင်း (အပိုင်း-၂)
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** မုလအိ(၁)
- **ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)** ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ချောင်းသွားငါးဖမ်းခြင်း
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** အလှပြာဝေရာမညမြေ (ဒေသအလှ၊ ဓလေ့ရိုးရာ ထုတ်ကုန်များ)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ Football Highlights
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၂)
- ၁၈:၀၀ Economic review (အပိုင်း-၃၇)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ ပေတောဥစားကြက်မွေးမြူရေးခြံ
- ၀၆:၅၀ ဟင်းသီးဟင်းရွက်များကို ဓာတုဓာတ်ကြွင်းအာနိသင်နည်းပါးအောင်ဆေးကြောရမည့်နည်းလမ်းများ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ပင်လယ်ရေချမ်းငွေမှာခန်း (ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၅၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ ကန္တာရထဲကအိုအေစစ်

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# စေတုတ္တရာမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားနေအိမ်များကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လုံးကြီးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများမှ စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေကြောင်း ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လုံးကြီးကျေးရွာရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများ၊ ပစ်ကျင်းများဖြင့် ခံစစ်ဆင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာ လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများနှင့် အကြမ်း




ဖက်အားပေးမီဒီယာများက ကောလာဟလသတင်းများဖြင့် သွေးထိုးလှုံ့ဆော်ပြီး နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန်အတွက် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တွင် လူငယ် ၁၅ ဦးခန့် ညှော်စာရင်းအကြောင်းပြဖမ်းဆီးခံရဆိုသည့် သတင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းများအား မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ ရက်က လူငယ် ၁၅ ဦးထက်မနည်းကို လုံခြုံရေး ပူးပေါင်းအဖွဲ့များက ညှော်စာရင်းအကြောင်းပြ ဖမ်းဆီးသွားသည်ဟု အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA မှ မဟုတ်မမှန် ကောလာဟလသတင်းများကို လှုံ့ဆော်ဝါဒဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရသည်။







**သတင်းအမှားသာဖြစ်**

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လုံခြုံရေးအဖွဲ့များသည် အဆိုပါရပ်ကွက်အတွင်း၌ ညှော်စာရင်းစစ်ဆေးခြင်း၊ လူငယ်များကို ဝင်ရောက်ဖမ်းဆီးခြင်းများမရှိကြောင်းနှင့် ဖမ်းမိသူများကို ငွေနှင့် ပြန်ရွေးခိုင်းသည်ဆိုသည်မှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

**ရေးသားလှုံ့ဆော်လျက်ရှိ**

အလားတူ တက္ကသိုလ်ကျောင်းသားများ စစ်မှုထမ်းဆောင်ကြရန် တပ်မတော်က လိုက်လံစည်းရုံးသိမ်းသွင်းကာ အစိုးရထောက်ပံ့ကြေးယူထားသည့် ကျောင်းသားများအား ဖိအားပေးနေသည်ဟု ကောလာဟလ သတင်းများကို ခေတ်သစ်မီဒီယာက လူမှုကွန်ရက်ပေါ်တွင် ရေးသားလှုံ့ဆော်လျက်ရှိသည်ကို တွေ့ရှိရပြီး အဆိုပါသတင်းများနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများမှလည်း သတင်းမှန်များ၊ ထုတ်ပြန်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပြောကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ အများပြည်သူ သိရှိနားလည်စေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို ပြည်ဖျက်မီဒီယာများက လူငယ်လူရွယ်များနှင့် မိဘပြည်သူများ စိုးရိမ်ထိတ်လန့်လာစေရန် ရည်ရွယ်ချက်ဖြင့် အခြေအမြစ်မရှိသော ကောလာဟလ သတင်းများကို နည်းလမ်းမျိုးစုံသုံးကာ လှုံ့ဆော်ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကော့ကရိတ်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ပြီး ဒရုန်းဖြင့် ဗုံးကြဲမှုကြောင့် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း နှစ်ဖက်ထိတွေ့တိုက်ပွဲများကြောင့် ခေတ္တတိမ်းရှောင်နေသည့် ဒေသခံပြည်သူများ၏




ပြည်သူပိုင်နေအိမ်များမှ တန်ဖိုးရှိပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားခြင်း၊ နေအိမ်များကို မီးရှို့ခြင်း၊ ဒရုန်းဖြင့် ဗုံးကြဲခြင်းများကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့ရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် သတင်းအမှားများလုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ကော့ကရိတ်မြို့တွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူပိုင်နေအိမ်များမှ တန်ဖိုးရှိပစ္စည်းများကို ယူဆောင်ခြင်း၊ နေအိမ်များ မီးရှို့ဖျက်ဆီးနေသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကော့ကရိတ်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကော့ကရိတ်မြို့နယ်အတွင်း အကြမ်းဖက်သမားများဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်းနှင့် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

**သတင်းအဆိပ်ခတ်လျက်ရှိ**

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့် တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zwe Kyal Sin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်ထက်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Yoon Sandi Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ယွန်းစန္ဒီမောင်(ခ)ယွန်းမေအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း “Po Po Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ပိုးပိုးထွေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# တွံတေးမြို့၌ စာပေနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် တွံတေးမြို့ ဓမ္မာလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ ကြို့ပင်ကောက်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်ညွန့်၊ တွံတေးမြို့ စာပေရေးရာများကို စိတ်ဝင်စားသည့် စာရေးဆရာ၊ သတင်းမီဒီယာသမားများ၊ ရဟန်းသံဃာများ၊ သီလရှင်များ၊ မြို့ခံစာပေပညာရှင်များ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေးပွဲတွင် ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ယနေ့လူငယ်များ အတွေးအခေါ် သိမြင်မှန်ကန်စေမည့် စာကောင်းပေမွန်များရေးသားနိုင်စေရေး၊ သတင်းတုသတင်းမှားများကို ပြည်သူများ ဆင်ခြင်သုံးသပ်နိုင်စေရေးနှင့် လတ်တလောပေါ်ပေါက်နေသော ကောလာဟလသတင်းများကို မယုံကြည်ကြစေရေး၊ နိုင်ငံတော်မှ အတည်ပြုထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာကြစေရေးတို့ကို လည်းကောင်း၊ စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်) က လူငယ်များအတွက် အရေးပါသည့်အချိန်ကို တန်ဖိုးထားတတ်စေရန် အမိအဖဆရာသမားတို့၏ ကျေးဇူးကို သိရှိနားလည်တုံ့ပြန်တတ်စေရန်အတွက် လည်းကောင်း၊ ဦးအောင်ပြည့်စုံက နိုင်ငံတော် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အသေးစိတ်သိရှိနားလည်အောင် ထပ်ဆင့်ရှင်းပြနိုင်စေရေး၊ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်မြင့်မားရေးတို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။



သတင်းစဉ်



မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်/ကျေးရွာများ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စားသောက်ဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်က တောမကျေးရွာအုပ်စုအား စစ်ဆေးစဉ်။ ခရိုင်မီးသတ်



မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရွာထောင်ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာအား မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး၏ဦးဆောင်မှုဖြင့် ဒုဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# မုဒုံမြို့၌ ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

မုဒုံ ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့် (၁) အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက နှစ်ရှည်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းအောင်သန်းက အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) ခြံတာဝန်ခံက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးကောင်းရန် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ရလဒ်များကို တောင်သူများအား နည်းပညာဖြန့်ဖြူးပေးခြင်းနှင့် ယခုအတတ်ပညာများကို လက်တွေ့အသုံးချရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများကို တာဝန်ရှိသူများက ဆုများနှင့် စစ်ဆေးအကဲဖြတ်ခြင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းကို ၁၅ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ရာ ကချင်၊ ကရင်၊ မွန်၊ ပဲခူး၊ တနင်္သာရီ၊ ရန်ကုန်တို့မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၈၅ | ၂၉၃၅ | ၂၉၃၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၅၅ | ၂၉၄၀ | ၂၉၂၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၂၅ | ၂၉၄၀ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၅ | ၃၂၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၈၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၄၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ပုသိမ် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရား အဝင်ကွန်ကရစ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးသား မြေသားကပ်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ အရိပ်ရပင်များနှင့် အလှပန်းပင်များ စနစ်တကျ စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(မော်တင်) တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် Grade 5 နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြတ်မော်တင်စေတီတော်မြတ်ကြီး ယာဉ်ရပ်နားကွင်းလုပ်ငန်း၊ မြောက်ဘက်မုခ် ရေကန်အောက်ခြေ ကျောက်စီခြင်းလုပ်ငန်း၊ မြေထိန်းနံရံလုပ်ငန်း၊ မြောက်ဘက်မုခ် လှေကားလုပ်ငန်း၊ စေတီတော်ကြီး၏ ရင်ပြင်တွင် နေပူခံကျောက်ပြားခင်းကျင်းနေမှုများ၊ စေတီတော်မြတ်ကြီးရင်ပြင် ကြွေပြားခင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ စေတီတော်ရင်ပြင်အောက်ဘက်ရှိ ကမ်းခြေဆင်းလမ်း ဆောင်ရွက်နေမှုနှင့် စေတီတော်မြတ်ကြီး အနေကဇာဆောင် ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက မြတ်မော်တင်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း





**မော်လမြိုင် ဖေဖော်ဝါရီ ၂၇**

မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံမှုဖြင့် မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက တပ်မတော်သားများသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးကို သက်စွန့်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းနိုင်ရေး ထပ်မံပေးအပ်လှူဒါန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မော်လမြိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ယု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းအေးတို့က မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော ငါးတံခွန်ခြောက်ကြော် ဘူး ၂၀၀၊ ငါးပိအစိုးကြော် ဘူး ၁၀၀ နှင့် ကွေကာအုပ်အထုပ်ကြီး ၉၀ တို့ကို ပေးအပ်လှူဒါန်းရာ မော်လမြိုင်တပ်နယ် တပ်နယ်မှူး (ကိုယ်စား) ဗိုလ်မှူးပြည့်ဖြိုးဝင်းက လက်ခံရယူပြီး လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

■

## ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာသတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပန်းတောင်း ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်း ဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို သိရှိစေရန် ယနေ့နံနက် ၇ နာရီခွဲက မြို့နယ် စီမံအုပ် ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်ညီ၊ ပန်းတောင်းမြို့နယ် စခန်းမှူး ဒုတိယရဲမှူး မျိုးမင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဂန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၀ ဖြင့် လူစည်ကားရာနေရာများဖြစ်သော ပန်းတောင်းမြို့မဈေးရှေ့နှင့် ဈေးဝင်းအတွင်း၊ ဝန်လိုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအနီး ပန်းတောင်း–တောင်ကုတ်ကားလမ်းမပေါ်ရှိ လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေးသတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။ **လပြည့်လင်း(ပြန်/ဆက်)**




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အသေးအဖွဲများ

ပီမိုးနှင်း

(၃-၁-၂၀၂၄ ရက်နေ့မှအဆက်)

စကားပြောမြန်ခြင်း၊စကားကိုလေးလေးနက်နက် ပိုင်ပိုင်နိုင်နိုင် ပြောခြင်းသည်တစ်မျိုးစီဖြစ်၏။

စကားကို မြန်မြန်ကြီးပြောခြင်းကား ပိုင်နိုင်သောအပြောမဟုတ်ပေ။စကားမြန်မြန်ကြီးပြောခြင်းသည် အသက်ခတ်အားကို ဆုတ်ယုတ်စေ၏။ လျှပ်စစ်ခတ်အားကိုလည်း နည်းပါးစေသည်။ စကားများများကို မြန်မြန်ပြောခြင်းသည် အာရုံကြောများကို အားနည်းဆုတ်ယုတ်စေသော အပြောမျိုးဖြစ်လေသည်။ စကားကို လျင်မြန်စွာပြောပြီးနောက် မောပန်းနေသူများကို ကျွန်ုပ်တို့ တွေ့ကြုံဖူးလေသည်။ အထူးသဖြင့် စကားများသော မိန်းမများသည် မောပန်းတတ်ကြလေသည်။ ထိုကဲ့သို့သော မိန်းမများအား အမောအပန်းပျောက်အောင် ကုဖို့နည်းသည် တစ်လလောက် စကားမပြောဘဲနေ၍ပြောဖို့စကားကို ခဲတံနှင့်ရေး၍ပေးရန် အမိန့်ပေးအပ်ခြင်းဖြစ်လေသည်။ စကားများများကြီးပြောသူများသည် သံလိုက်ခတ်အား ကုန်ခန်းသူများဖြစ်ကြလေသည်။ ထိုနည်းလမ်းသည် အာရုံကြောများကို ခိုင်ခန့်မြဲမြံစေလျက် အားနည်းခြင်းတို့ကိုလည်း သက်သာစေလေသည်။

လူတို့၏စိတ်ကို သံလိုက်ခတ်ဖြင့်ပါအောင် ပြောနိုင်သော စကားပြောကောင်းပုဂ္ဂိုလ်များသည် ပြောဟောသောအချိန်မှသာ စကားပြောကြ၏။ အခြားအချိန်၌ လွန်စွာစကားနည်းသူများ ဖြစ်ကြလေသည်။ အပြောအဆိုကောင်းသော ဗာတ်သမကချေသည်များလည်း ထို့အတူဖြစ်ကြလေသည်။ ၂၄ နာရီအတွင်း သုံးနာရီခန့်မျှ ပြောခြင်းသည် သံလိုက်ခတ်ကို ဆုတ်ယုတ်စေသည်မဟုတ်၊ နှစ်ဆယ့်လေးနာရီအတွင်း ရှစ်နာရီမှ ဆယ့်ငါးနာရီ ပြောခြင်းသည် သံလိုက်ခတ်ကို အကုန်အစင် ယိုဖိတ်စေနိုင်လေသည်။ စကားများခြင်းသည် အကျိုးယုတ်စေသောအကျင့်ဖြစ်၏။ တရားဟောပြောခြင်းနှင့် ဗာတ်မင်းသမီး၊ ဗာတ်မင်းသားများ အပြောအဆိုသည်ကား စည်းကမ်းနည်းလမ်းနှင့် ပြောသဖြင့် သံလိုက်ခတ်ကို တိုးတက်စေနိုင်သည်။ အလွန်ပြောသောသူသည် တစ်မိနစ်လျှင် စကားအလုံးပေါင်းများစွာထွက်၏။ စည်းကမ်းစနစ်နှင့် ပြောသောသူကား ထိုမျှလောက် စကားလုံးမများကြပေ။

**❝ စကားနည်းခြင်း၏အကျိုးသည် လွန်စွာများ၏။ လုံးလုံးစကားမပြောခြင်းသည်ကား အရှက်အကြောက်များရာ ရောက်လေသည်။ အသင့်အတင့်ပြောခြင်းသည် အကျိုးများလေသည်။ စကားနည်းနည်းပြောခြင်းသည် အချက်ပိုင်က တန်ခိုးသတ္တိကြီးလေလေ မှတ်ရမည်။ ထိုလူမျိုးသည် ပရိသတ်ကို လိုရာသို့ဆွဲဆောင်နိုင် ❞**

စကားနည်းခြင်း၏ အကျိုးသည် လွန်စွာများ၏။ လုံးလုံးစကားမပြောခြင်းသည်ကား အရှက်အကြောက်များရာ ရောက်လေသည်။ အသင့်အတင့်ပြောခြင်းသည် အကျိုးများလေသည်။

စကားနည်းနည်းပြောခြင်းသည် အချက်ပိုင်က တန်ခိုးသတ္တိကြီးလေလေ မှတ်ရမည်။ ထိုလူမျိုးသည် ပရိသတ်ကို လိုရာသို့ဆွဲဆောင်နိုင်သည်။

မျက်နှာ၏ လှုပ်ရှားခြင်း၊ ထိုလှုပ်ရှားခြင်းများသည် အမျိုးမျိုးရှိ၏။ အများဆုံးသော လှုပ်ရှားခြင်းများသည် နှုတ်ခမ်းနှင့် လျှာ ဖြစ်လေသည်။ ထိုအရာများသည် အသေးအဖွဲများဖြစ်၏။ သို့သော်လည်း မကောင်းကျိုးကို များစွာပေးနိုင်လေသည်။ အိုမင်းမစွမ်းဖြစ်ခါနီးသည့်အခါ လူများသည် လျှာနှင့် အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းနှင့် သွားကို ပွတ်တတ်၏။ ဤကား အားနည်းခြင်းနှင့် သံလိုက်ခတ်ဆုတ်ယုတ်ခြင်း၏ လက္ခဏာဖြစ်လေသည်။ သို့ဖြစ်ရာ မျက်နှာ၌ ထိုအမှတ်များမပေါ်အောင် အထူးဂရုစိုက်ရလေသည်။

ကိုယ်ခန္ဓာ၌ လှုပ်ရှားခြင်းသည် အားအစွမ်းကို ပြ၏။ သို့သော်လည်း အမှုမဲ့ အမှတ်မဲ့ အလွန်လှုပ်ရှားခြင်းများသည် အားအစွမ်းကို ဆုတ်ယုတ်စေ၏၊ သံလိုက်ခတ်ကို ယိုဖိတ်စေ၏။

ဥပမာဆိုသော် အိမ်ဆောက်တတ်သည်အထိ တတ်ကျွမ်းသော လက်သမားတစ်ယောက်နှင့် အိမ်ဆောက်နည်းမကျွမ်းကျင်ဘဲ လက်သမားအလုပ်ကိုသာ လုပ်တတ်သော လက်သမားနှစ်ယောက်တို့ အိမ်တစ်လုံးစီဆောက်လျှင် အိမ်ဆောက်တတ်သူမှာ ကုန်ကျသင့်သလောက် ငွေသာကုန်ကျ၍ သပ်ရပ်ကောင်းမွန်သော ပုံကျပန်းကျဖြစ်ပြီး ကြာရှည်ခံသောအိမ်ကို ဆောက်နိုင်ပေလိမ့်မည်။

အိမ်မဆောက်တတ်သူ ဆောက်သောအိမ်မှာ ငွေကုန်ကြေးကျလည်းများ၊ သစ်၊ ဝါး အစရှိသည်တို့ ပိုခြင်းလိုခြင်းတို့လည်း ဖြစ်လျက် သပ်သပ်ရပ်ရပ်လည်းခံမည်မဟုတ်သော အိမ်ညံ့သာဖြစ်လာရသကဲ့သို့ ဖြစ်ပေမည်။

ထိုကဲ့သို့သော အသေးအဖွဲ အလေ့အကျင့်လေးများတွင် အမှုမဲ့ အမှတ်မဲ့ အရမ်းကာရော လုပ်ခြင်း၊ လျင်လျင်မြန်မြန် မစူးစမ်းမဆင်ခြင်ခြင်း၊ မပြုခြင်း စေ့စပ်သေချာစွာ ဂရုပြုခြင်းများဖြင့် လေ့ကျင့်သင့်ကြလေသည်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## ငွေကိုစုဆောင်းတတ်ပါစေ

**“အလွန်သုံးဖြုန်းတတ်သောသူသည် မွဲမည်ကို စိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏ တချို့တစ်ဝက်ကို စုဆောင်းလေတတ်သော အကျင့်တစ်ခုရှိရမည်။”**

**စာရေးဆရာကြီးရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)**

ငွေကြေးသည် ကြီးပွားချမ်းသာခြင်းနှင့် အဓိကဆက်နွှယ်နေပြီး တိုက်ရိုက်အချိုးကျနေသည်။ ငွေရေးကြေးရေး ရှင်သန်တိုးတက်မှုသည် ချမ်းသာကြွယ်ဝမှုအတွက် အခရာဖြစ်လေရာ ဝင်ငွေရရှိမှု၊ ငွေကြေးရရှိသုံးစွဲမှုကိစ္စတို့သည် အရေးပါလှသည်။

သို့ဖြစ်သောကြောင့် အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်းက ငွေကြေးစီမံခန့်ခွဲမှုတို့တွင် နိုင်နင်းရန်လိုအပ်သည်။

ယင်းအတွက် မဖြစ်မနေ ငွေကြေးစုဆောင်းရင်းနှီးမြှုပ်နှံမှုပြုရန် သင့်စိတ်ကို တုံးတုံးချ ဆုံးဖြတ်ထားရမည်။ ယင်းသည်ပင်လျှင် သင့်အားပြီးမြောက်အောင်မြင်စေနိုင်သည်ဟုလည်း ဗြိတိန်နှင့် အမေရိကန် စာရေးဆရာကြီး အမ်အက်စ်ရက်ဒီ (၁၉၂၄-၂၀၁၁) က ရေးသားဖော်ပြခဲ့ဖူးသည်။

“သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံး အချိန်ပိုအလုပ်လုပ်ပါ” ဟူ၍ အဆိုပါစာရေးဆရာကြီး အမ်အက်စ်ရက်ဒီက ဆိုထားပါသေးသည်။

ထို့ကြောင့် ရရှိလာသောဝင်ငွေကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စုဆောင်းမှုကို ဦးစားပေးကာ စနစ်တကျ သုံးစွဲတတ်ရန်လိုအပ်သည်။ ထိုသို့ငွေကို ချွေတာစုဆောင်းခြင်းအားဖြင့် တဖြည်းဖြည်း စုစည်းမိလာကာ ငွေလုံးငွေရင်းအဖြစ်သို့ ရောက်ရှိတိုးတက်ကြီးထွားလာပြီး အရင်းအနှီးများရလာနိုင်သည်ဖြစ်ရာ ငွေကိုချွေတာစုဆောင်းခြင်းအလုပ်မှာ လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်ပါသည်။



သို့မှသာ ရသမျှသော ဝင်ငွေအနေအထားမှ ခြိုးခြံချွေတာ စုဆောင်းမှု၏ အတိမ်အနက်အပေါ်မူတည်ကာ ငွေကြေးပိုင်ဆိုင်နိုင်မှုသည်လည်း တစ်စတစ်စဖြင့် သိသာစွာ ကွာခြားလာပေမည်။

“ချွေတာစုဆောင်း သူဌေးလောင်း” ဟု မြန်မာဆိုရိုးစကားလည်း ရှိသည်။

ကြီးပွားချမ်းသာချင်သည့်စိတ်က လူတိုင်းတွင် ရှိနေကြပြီးသားဖြစ်သည်။ ကြိုးစားရုန်းကန်နိုင်မှုတို့တွင်သာ ကွာခြားကြရခြင်းဖြစ်သည်။

ထို့အပြင် ရရှိငွေကြေးကို ငွေဖြုန်းတီးမှု မဖြစ်စေဘဲ စုဆောင်းမှု၊ ချွေတာမှုတို့မှ ငွေကြေးတို့ကို လက်ဝယ်ပိုင်ဆိုင်နိုင်မှုစွမ်းအား မြင့်မားလာသည်နှင့်အမျှ ငွေကြေးကြွယ်ဝမှုကို စတင်ခံစားလာရမည်ဖြစ်သည်။ ထိုအခါမှသာ ကြီးပွားချမ်းသာမှုဟူသည့် လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိလာနိုင်မည်လည်းဖြစ်ပေသည်။ လူသားတိုင်း ကြီးပွားချမ်းသာချင်ကြသည်ချည်းဖြစ်သည်။

ကြီးပွားချမ်းသာလိုသော လူသားတိုင်းသည် ကြီးပွားချမ်းသာလိုသည်ဟူသည့် အဓိက ရည်မှန်းချက်တို့က တန်းတူရှိနေပြီးဖြစ်သည်။ အဆိုပါ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှုအပေါ်တွင်သာ မူတည်၍ ကြီးပွားချမ်းသာမှု ပမာဏတို့က ကွာခြားသွားရခြင်းပင်။

“ကူးသန်းရောင်းဝယ်မှုတို့တွင်လည်း မျက်စိကိုမှိတ်၍ လုပ်ရသဖြင့် လောင်းကစားခြင်းနှင့်တူသော အလုပ်မျိုးရှိသေး၏။ ဤနည်းမျိုးဖြင့် စီးပွားရှာခြင်းသည်လည်း ပျက်စီးခြင်းသို့တိုင် ရောက်တတ်၏။ သို့သော် တွက်ချက်ပြီးနောက် လာဘ်မြင်သဖြင့် သူတစ်ပါးမလုပ်ဝံ့သော အလုပ်မျိုးကို စွန့်စားလုပ်ကိုင်ခြင်းနှင့် လောင်းကစားခြင်းတို့သည် များစွာခြားနား၏။”ဟု စာရေးဆရာကြီးရွှေဥဒေါင်းက အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ရေးသားဖော်ပြထားသည်။ “စွန့်စားလုပ်ကိုင်ခြင်းမည်သည် စိတ်ကူးကောင်းလျှင် အခါခပ်သိမ်းနိုင်တတ်၏။ လောင်းကစားမှုကား သူတစ်လှည့်၊ ငါတစ်လှည့်ဖြစ်တတ်၍ အခါခပ်သိမ်း မနိုင်နိုင်ချေ” ဟူ၍လည်း အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ဖော်ပြထားမှုကို ဖတ်မှတ်ဖူးပါသည်။

ထို့အပြင် ကိုယ့်အစွမ်းအစမဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက်ဖြစ်တတ်၏။ အချောင်ရသော ငွေကြေးသည် မွဲခြင်းထက်ဆိုးသေး၏ဟုလည်း အဆိုပါ အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။ ယင်းတို့သည် ဆရာကြီးရွှေဥဒေါင်း၏ လမ်းညွှန်မှုများစွာတို့မှ အချို့ကို လက်ဆင့်ကမ်း မျှဝေလိုက်ရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဘဝတွင် အောင်မြင်ကြီးပွား ချမ်းသာလိုသော လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ငွေကြေးစီမံခန့်ခွဲမှုကို ကောင်းမွန်စွာ အသုံးပြုတတ်ရန် အရေးကြီးပြီး ဝင်ငွေရရှိမှုတို့မှ အချို့ကို ချွေတာစုဆောင်းနိုင်ခြင်းအားဖြင့် ကြီးပွားချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ပေတော့သည်။ ။

# စွန့်စားရဲသူဖြစ်ချင်သလား

မောင်ထူးချွန်

စွန့်စားရဲတဲ့သူဟာ စွန့်လွှတ်ရဲသူပါပဲ။

မောင်တို့မယ်တို့တစ်တွေ စွန့်စားရဲသူဖြစ်ချင်သလား။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နိုင်ပါတယ်။ ပြန်လည် မေးခွန်းထုတ်ကြည့်ပါ။ မိမိဟာ စွန့်စားရဲသူလား၊ စွန့်လွှတ်ရဲသူလား။

စွန့်စားရဲသူတွေဟာ ဘဝမှာ အောင်မြင်မှုတွေ၊ ကြီးပွားချမ်းသာမှုတွေ၊ နာမည်ကောင်းသတင်းတွေ ရရှိကြပြီး မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိတိုင်းပြည်နဲ့ လူမျိုးအတွက် ကောင်းမွန်တဲ့ သမိုင်းမှတ်တမ်းတွေ ရေးထိုးနိုင်ကြသူတွေပဲဖြစ်တယ်ဆိုတာ ကမ္ဘာ့သမိုင်းမှာရော မြန်မာ့သမိုင်းမှာပါ အထင်အရှားရှိကြတယ်။

မြန်မာ့သမိုင်းမှာတော့ အထင်ရှားဆုံးကိုပြပါဆိုရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပဲပေါ့ကွယ်။

ကလေးဘဝအရွယ်ကပင် တိုင်းပြည်နဲ့လူမျိုးကို ဗြိတိသျှနယ်ချဲ့အုပ်စိုးမှုလက်အောက်ကနေ လွတ်မြောက်အောင် ကြိုးစားလုပ်ဆောင်မယ်ဆိုတဲ့ စွန့်စားရဲသူ၊ စွန့်လွှတ်ရဲသူအဖြစ် ရည်ရွယ်ချက်ခိုင်ခိုင်မြဲမြဲနဲ့ ဘဝတစ်လျှောက်လုံး လုပ်ဆောင်ခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း ကိုအောင်ဆန်း ခေါ် သခင်အောင်ဆန်းဟာ အသက် (၂၈)နှစ်အရွယ်မှာ ဗိုလ်ချုပ်ဖြစ်နေကာ တပ်မတော်ကြီးကို ကိုယ်တိုင်ဖွဲ့စည်းပြီး ခိုင်မာစွာကွပ်ကဲဦးဆောင်နိုင်သူဖြစ်တယ်။ တိုက်ပွဲပေါင်းများစွာကို အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့သူအဖြစ် ကျော်ကြားတယ်။

မိမိအတွက် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ကိုမွေးပြီး တစိုက်မတ်မတ် ဦးတည်ချက်မပြောင်းဘဲ ရဲရဲရင့်ရင့် လုပ်ဆောင်ခဲ့လို့ ကမ္ဘာ့သမိုင်းမှာရော မြန်မာ့သမိုင်းမှာပါ ထင်ရှားခဲ့တာပေါ့ကွယ်။

စွန့်စားတယ်ဆိုတဲ့နေရာမှာ မိမိအတွက်၊ မိမိ မိသားစုအတွက် မိမိရဲ့တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုပြီး အမျိုးမျိုးတော့ရှိတယ်။ ဒါတွေအားလုံးဟာ ကောင်းမွန်မှန်ကန်တဲ့ စွန့်စားသူ စွန့်လွှတ်သူလို့ဆိုရမှာဖြစ်တယ်။ စွန့်လွှတ်စွန့်စားလိုတဲ့ အတွေးအခေါ်တွေထက်မြက်နေရင် စွန့်စားရဲတဲ့စိတ်လည်း ထက်မြက်နေမယ်။ သုံးသပ်မှုတွေ၊ ဆုံးဖြတ်မှုတွေကလည်း မှန်ကန်နေမယ်ဆိုရင် စွန့်စားရဲတဲ့စိတ်ကလည်း မှန်ကန်နေမှာပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းဟာ ပြည်သူပြည်သားတွေရဲ့ တစ်ခဲနက်



ထောက်ခံအားပေးမှုနဲ့ ယုံကြည်အားကိုးမှုကိုလည်း ရရှိခဲ့သူဖြစ်တယ်။

ပြည်သူလူထုအားလုံးကို ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးနဲ့ လူချင်းအတူတူ တန်းတူအခွင့်အရေးရရှိကာ တိုးတက်ဖွံ့ဖြိုးပြီး အေးချမ်းသာယာစေချင်တဲ့ စေတနာပြည့်ဝသူဖြစ်တယ်။ မေတ္တာကြီးမားတယ်။ ပရဟိတစိတ်ပဲရှိသူဖြစ်ပြီး အတ္တလိုအင်အတော်နည်းတယ်။

စွန့်စားရဲတယ်။ စွန့်လွှတ်ရဲတယ်။ လိုချင်လောဘ အတော်ခေါင်းပါးတယ်။ ထူးခြားထူးချွန်တဲ့ပါရမီရှင်လည်းဖြစ်တယ်။ အမြော်အမြင်ရော ဉာဏ်ပညာပါပြည့်စုံတဲ့ ကမ္ဘာမှာပါ ရှားပါးသူဖြစ်တယ်။

ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရယူခဲ့သော်လည်း ဘဝကျောင်းတော်ကြီးမှာ သင်ယူခဲ့ရလို့ နိုင်ငံတကာက မော်ကြည့်ရလောက်တဲ့ စစ်ရေးပါရဂူ၊ နိုင်ငံရေးသုခမိန်တစ်ဦးဖြစ်ကြောင်း အားလုံးက လက်ခံထားကြတယ်။ ခေါင်းဆောင်ကောင်းပီသစွာ ရဲဝံ့မှု၊ စွန့်စားမှု၊ စွန့်လွှတ်မှု၊ အနာဂတ်ကို ရှင်းလင်းသဲကွဲစွာ ကြိုမြင်နိုင်စွမ်းရှိမှု၊ စိတ်ရင်းဖြူစင်မှု၊ တိကျပြတ်သားမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးအတွက် အသက်ကိုပင် ရက်ရက်ရောရော ပေးဆပ်နိုင်မှု၊ စွန့်လွှတ်စွန့်စားရဲမှု အစရှိတဲ့ အရည်အချင်းတွေရှိသူလည်းဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းက ရိုးသားတယ်။ ကိုယ်ကျိုးအတ္တထက် နိုင်ငံနဲ့လူမျိုး၊ လောကကောင်းကျိုးကို ဆောင်ဖို့အတွက်သာ ရည်ရွယ်ချက်ရှိသူဖြစ်တယ်။

တစ်နိုင်ငံလုံးက အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီးအဖြစ် အသက်သုံးဆယ်ကျော် ဦးအောင်ဆန်းကို ကြည်ညိုချစ်ခင်ပြီး ကြိုက်ရာရာထူးတာဝန်ယူစေချင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းက လွတ်မလပ်ရေးရပြီးရင် စာရေးဆရာပဲလုပ်မယ်လို့ ကြံရွယ်ထားသူဖြစ်ကြောင်း ပြတ်သားရဲဝံ့တဲ့ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြသခဲ့သူလည်းဖြစ်တယ်။

စွန့်စားရဲသူအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမယ့် ကိုအောင်ဆန်းက မောင်တို့မယ်တို့ အရွယ်လောက်မှာ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူနေတဲ့ ကျောင်းသားကလေးပဲပေါ့။ ကိုအောင်ဆန်းရဲ့ ကြိုးစားအားထုတ်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စာပေတွေအများကြီးကို လေ့လာဖတ်ရှုတယ်လို့ သိရတယ်။ ပြင်ပစာပေတွေ များများဖတ်ရှုတဲ့သူဟာ ကျောင်းစာမှာလည်း တော်တာပါပဲလို့ မှတ်ချက်ပြုရမှာပေါ့ကွယ်။

စာပေကရတဲ့ အသိအမြင်အတွေးတွေက အတွေးအခေါ် ထက်မြက်စေတာ အမှန်ပါပဲဆိုတာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ငယ်ဘဝက သက်သေပြနေတာပါပဲ။

မောင်တို့မယ်တို့အနေနဲ့ စွန့်စားရဲသူ၊ စွန့်လွှတ်ရဲသူတွေအဖြစ် ခံယူဆောက်တည်နိုင်ကြမယ်ဆိုရင် မိမိဘဝအတွက်ရော၊ မိမိမိသားစုအတွက်ရော၊ မိမိတိုင်းပြည်နဲ့ လူမျိုးအတွက်ရော များစွာအကျိုးကျေးဇူးကြီးမားမှာဖြစ်တယ်။ ကောင်းမွန်တဲ့သမိုင်းမှတ်တမ်းတင်ခွင့်ရမှာဖြစ်တယ်။ မောင်တို့မယ်တို့ရဲ့ တန်ဖိုးရှိတဲ့ ပျိုမျစ်နုနယ်ငယ်ရွယ်ပြီး သန်မာထွားကျိုင်းတဲ့ခွန်အားတွေကို အကျိုးရှိရှိအသုံးချနိုင်ဖို့ လိုအပ်တယ်။ ကောင်းမွန်မှန်ကန်တဲ့ အတွေးအမြင်တွေနဲ့ ရဲဝံ့ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ လိုအပ်တယ်။

ဒါကြောင့် ဘဝမှာ အောင်မြင်ပျော်ရွှင်ပြီး ကြီးပွားချမ်းသာနိုင်ဖို့ရာ မှန်ကန်သင့်မြတ်တဲ့ စွန့်စားမှုစွန့်လွှတ်မှုတွေကို အသုံးချနိုင်မယ်ဆိုရင် မောင်တို့မယ်တို့လို မျိုးဆက်သစ် လူငယ်မောင်မယ်တွေဟာ စွန့်စားရဲသူတွေဖြစ်လာမှာ အမှန်အကန်ပဲပေါ့ကွယ်။ ။

# လူငယ်များအတွက် အပြုသဘောဆောင်သော ဆက်ဆံရေး

အောင်မြတ်စည်သူ

လူငယ်တစ်ဦး အောင်မြင်ဖို့ ပြုစုပျိုးထောင်ရာမှာ အပြုသဘောဆောင်တဲ့ လူမှုဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို ထည့်သွင်းမစဉ်းစားလို့မရနိုင်ပါ။ အပြုသဘောဆောင်တဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်ဆံရေးဆိုတာ ကြီးထွားမှု၊ သင်ယူမှုနဲ့ သုခချမ်းသာတို့ကို ဖြစ်ပေါ်စေတဲ့ ချိတ်ဆက်မှုကို ဆိုလိုပါတယ်။ မိဘနဲ့ကလေးတွေကြား၊ လမ်းညွှန်ပေးသူ၊ လမ်းညွှန်သူ၊ ရွယ်တူသူငယ်ချင်းတွေ၊ ဆရာ ဆရာမတွေနဲ့ လူငယ်တစ်ဦးရဲ့ဘဝမှာ အခြားထင်ရှားတဲ့ ပုဂ္ဂိုလ်တွေကြားမှာ အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ စာနာမှုနဲ့ တစ်သမတ်တည်း အားပေးထောက်ခံမှုတို့ ရှိဖို့ လိုအပ်ပါတယ်။ လူငယ်တစ်ဦးရဲ့ဘဝမှာ ဂရုစိုက်မှုနဲ့ ယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်တွေရှိနေတာဟာ ၎င်းတို့ရဲ့ စိတ်ဖိစီးမှု၊ ဒုက္ခတွေနဲ့ စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ခြင်းမှာ များစွာအထောက်အကူဖြစ်စေပါတယ်။

လူငယ်တွေရဲ့ ဆက်ဆံရေး တိုးတက်လာတာနဲ့ အမျှ ရရှိနိုင်တဲ့ အကျိုးသက်ရောက်မှုများစွာလည်း ရှိပါတယ်။ ဆက်ဆံရေးတိုင်းဟာ စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာကို သိသိသာသာ ပံ့ပိုးပေးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ခံနိုင်ရည်ရှိမှုကို အခြေခံအုတ်မြစ်အဖြစ်နဲ့ ပံ့ပိုးပေးပါတယ်။ သင်ယူမှုကို အထောက်အကူဖြစ်စေပြီး ပတ်ဝန်းကျင်ကို မြှင့်တင်ပေးကာ သိမြင်မှုနဲ့ ပညာရပ်ဆိုင်ရာ တိုးတက်မှုတို့ကိုလည်း ပေးစွမ်းပါတယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာ ခံနိုင်ရည်ရှိမှုနဲ့ လိုက်လျောညီထွေရှိမှု၊ ပဋိပက္ခဖြေရှင်းရေးနဲ့ စာနာမှုကဲ့သို့ အရေးကြီးစွမ်းရည်တွေကို မြှင့်တင်နိုင်ဖို့လည်း ကူညီပေးပါတယ်။ မတူကွဲပြားတဲ့အမြင်တွေကို ပိုမိုနားလည်နိုင်လာပြီး တစ်ဦးနဲ့တစ်ဦးကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေပါတယ်။

အဲဒီလို လူငယ်တွေ ဆက်ဆံရေးတည်ဆောက်ရာမှာ သက်ဆိုင်သူအသီးသီးကလည်း စုပေါင်းကြိုးပမ်းအားထုတ်မှုတွေ ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ အထီးကျန်ခြင်း သို့မဟုတ် အထီးကျန်ခြင်း ခံစားချက်တွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပျော်ရွှင်စေတဲ့ အပြုသဘောဆောင်တဲ့ အမြင်တွေဖြစ်လာပြီး ပိုမိုကျန်းမာတဲ့ စိတ်ပိုင်းဆိုင်ရာအခြေအနေကို ရရှိလာတတ်ကြပါတယ်။ ဒ့ါအပြင် ငယ်ရွယ်သူတွေဟာ လမ်းညွှန်ဆရာတွေ၊ မိသားစုဝင်တွေ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တွေရဲ့ တန်ဖိုးထားအလေးထားမှုနဲ့ ပံ့ပိုးမှုကို ခံစားရတဲ့အခါ ၎င်းတို့ရဲ့ ပညာရေးမှာ စိတ်ဝင်စားမှု ပိုမိုမြင့်မားလာကြပြီး ပိုမိုထူးချွန်အောင် ကြိုးစားလိုလာကြတယ်။ ၎င်းတို့ရဲ့ လုပ်ငန်းခွင်မှာလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လာကြတယ်။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အားပေးခြင်းဖြင့်လည်း မိမိကိုယ်ကို ယုံကြည်မှု ပိုတိုးပွားစေပါတယ်။ လူငယ်အသင်းတွေ၊ စေတနာ့ဝန်ထမ်းအခွင့်အလမ်းတွေ လူငယ်တွေအတွက် အပြုသဘောဆောင်တဲ့ လှုပ်ရှားမှုတွေစတဲ့ ပေါင်းသင်းဆက်ဆံရေးကိုမြှင့်တင်ပေးတဲ့ ပလက်ဖောင်းတွေမှာ ပါဝင်တာဟာလည်း လူငယ်တွေရဲ့ဆက်ဆံရေးကို တိုးတက်စေပါတယ်။

လူငယ်တချို့ရဲ့ ဘဝမှာ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးတွေရဲ့ တိုးတက်မှုကို ပြောပြချင်ပါတယ်။ အထက်တန်းကျောင်းသူလေး Sarah ဟာ ပညာရေးမှာ စိတ်မဝင်စားဖြစ်နေတယ်။ သူဟာ သူ့စိတ်ကြိုက် ပံ့ပိုးကူညီမှုနဲ့ အားပေးမှုပေးတဲ့ ဆရာတစ်ဦးနဲ့ ချိတ်ဆက်မိခဲ့တယ်။ နည်းပြရဲ့ လမ်းညွှန်ချက်တွေက Sarah ရဲ့ ပန်းတိုင်တွေကို ရောက်ရှိဖို့၊ လေ့လာမှုတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့၊ သင်ယူလိုစိတ်ရှိဖို့ ကူညီပေးခဲ့တယ်။ နည်းပြရဲ့ ပံ့ပိုးကူညီမှုနဲ့ Sarah ရဲ့ အဆင့်တွေ သိသိသာသာတိုးတက်လာပြီး သူ့ရဲ့ အရည်အချင်းအပေါ် ယုံကြည်မှုတွေဟာ ပိုတိုးလာခဲ့တယ်။

စိန်ခေါ်မှုတွေနဲ့ ကိုယ့်ကိုယ်ကိုယ် သံသယတွေနဲ့ ရင်ဆိုင်နေရတဲ့ ဆယ်ကျော်သက် ဂျွန်ဟာလည်း သူ့မိသားစုရဲ့ အားပေးကူညီမှုတွေကို ရရှိခဲ့တယ်။ အခက်အခဲတွေကြားက မိဘတွေဟာ ဂျွန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေပေးခဲ့တယ်။ သူ့အပေါ် မိသားစုရဲ့ ယုံကြည်အားပေးမှုတွေကြောင့် ဂျွန်က အတားအဆီးတွေကို ကျော်လွှားပြီး နောက်ဆုံးမှာ သူရွေးချယ်တဲ့နယ်ပယ်မှာ အောင်မြင်လာခဲ့တယ်။

ရှက်တတ်ပြီး ဆယ်ကျော်သက်တစ်ဦးဖြစ်တဲ့ Mia ကလည်း အပြုသဘောဆက်ဆံရေးရှိတဲ့ သက်တူရွယ်တူ သူငယ်ချင်းတွေရဲ့ ဆက်ဆံရေးတွေကြောင့် သူ့ရဲ့ ယုံကြည်မှုကို တွေ့ရှိခဲ့တယ်။ သူ့ကို အတွေ့အကြုံသစ်တွေကြိုးစားဖို့အားပေးကူညီတဲ့ သူငယ်ချင်းအုပ်စုနဲ့ ထိတွေ့ဆက်ဆံခြင်းက Mia ကို သူ့ရဲ့ ရှက်တတ်တဲ့၊ လူတောမတိုးရဲတဲ့ အနေအထားကနေ ရုန်းထွက်ဖို့ ကူညီပေးခဲ့တယ်။ သူ့ သူငယ်ချင်းတွေရဲ့ အားပေးမှုနဲ့ ခင်မင်ရင်းနှီးမှုတွေကြောင့် Mia ဟာ စိတ်ဝင်စားတဲ့အကြောင်းအရာတွေကို စူးစမ်းလေ့လာဖို့၊ ကျွမ်းကျင်မှုအသစ်တွေကို ဖော်ထုတ်ဖို့နဲ့ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ဖို့ ခွန်အားဖြစ်စေခဲ့တယ်။

ပရိုဂရမ်ရေးဆွဲတာကို ဝါသနာပါပေမယ့်လည်း ကွန်ပျူတာမရှိတဲ့ အဲလက်စ်ဟာ အဖွဲ့အစည်းတစ်ခုက ကွန်ပျူတာတစ်လုံး ပံ့ပိုးကူညီမှု ရရှိခဲ့တယ်။ အဲလက်စ်ဟာ ပရိုဂရမ်ကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုနဲ့ လုပ်ငန်းကျွမ်းကျင်ပညာရှင်တွေနဲ့ ချိတ်ဆက်နိုင်တဲ့ Coding Workshops နဲ့ mentorship programs တွေကိုလည်း ကမ်းလှမ်းထားတယ်။ နောက်ဆုံးမှာ အဲလက်စ်ဟာ ကွန်ရက်ချိတ်ဆက်ခြင်းဆိုင်ရာ အခွင့်အလမ်းတွေကို ရရှိခဲ့ပြီး အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းတစ်ခုကို ရယူနိုင်ခဲ့တယ်။

ဒါကြောင့် ဆရာသမားတွေရဲ့ လမ်းညွှန်မှု၊ မိသားစုပံ့ပိုးမှု၊ သက်တူရွယ်တူတွေနဲ့ ထိတွေ့ဆက်ဆံမှု သို့မဟုတ် အဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်မှုတွေဟာ ဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုံးစုံအောင်မြင်မှုတွေကို သိသိသာသာ အထောက်အကူဖြစ်စေပါတယ်။ မတူကွဲပြားမှုတွေကို လက်ခံခြင်း၊ နားထောင်ပေးခြင်း၊ နားလည်မှု လွဲမှားခြင်းတွေကို ရှင်းလင်းခြင်း၊ အမျိုးမျိုးသော ဆက်သွယ်မှုနည်းလမ်းတွေကို အသုံးပြုပြီး ဆက်သွယ်ရေးပိုမိုကောင်းမွန်စေဖို့လည်း လုပ်ဆောင်ပေးနိုင်ပါတယ်။ ကျေးဇူးတင်ကြောင်း ဖော်ပြခြင်းနဲ့ အသိအမှတ်ပြုခြင်းတို့ကလည်း တန်ဖိုးရှိတဲ့ဆက်ဆံရေးရဲ့ အရေးပါမှုကို အားဖြည့်ပေးပါတယ်။

ဒါကြောင့် တစ်ဦးချင်း၊ မိသားစုတွေ၊ အသိုင်းအဝိုင်းတွေနဲ့ အဖွဲ့အစည်းတွေဟာ အပြုသဘောဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆက်ဆံရေးကို ဖန်တီးပေးကာ လူငယ်တစ်ဦးချင်းစီရဲ့ တိုးတက်မှုနဲ့ အောင်မြင်မှုကို ပြုစုပျိုးထောင်ပေးနိုင်ပါတယ်။ လူငယ်တိုင်း တန်ဖိုးထားမှု၊ ပံ့ပိုးမှုနဲ့ အစွမ်းအစတွေ အပြည့်အဝရရှိဖို့ စွမ်းဆောင်နိုင်တယ်လို့ ခံစားရတဲ့ ပတ်ဝန်းကျင်တစ်ခုကို အတူတကွ ဖန်တီးကြပါစို့။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၆-၂-၂၀၂၄ ရက်မှအဆက်

သိတာက ဒီလိုလေ။ အဲဒီနေ့က ထွေးရီတစ်ယောက် မြင်းလှည်းတိုက်လို့ လိမ့်ကျအသွား၊ ကိုအေးဆွေ ပြေးထွက်သွားတော့ မအုန်းတင်ပါးစပ်က အမှတ်မထင်ထွက်လာတဲ့ စကားလုံးကြောင့်ပဲဆိုပါတော့။

"ခက်တာပါပဲ၊ တစ်ယောက်ကမှ မြေမကျသေးဘူး။ နောက်တစ်ယောက်ကများ ထပ်ဒုက္ခဖြစ်နေဦးမှာလား။ ဘုရား ဘုရား" လို့ မအုန်းတင်က ဘုရားတလိုက်တော့ ငွေက–

"ဟင် ဟင်၊ ဘယ်သူ ဘာဖြစ်နေလို့လဲ မအုန်းတင်" လို့ ထိတ်လန့်တကြား မေးလိုက်တဲ့အခါမှာ–

"ဒွေးလေး ဒေါ်ဘုမပေါ့တော်။ ရွာမှာဆုံးနေတယ်"

"အို ဟင် ဟုတ်လား။ ဘာဖြစ်လို့ ဆုံးသွားရတာလဲ ဟင်။ ငွေမသိရပါလား"

"ကိုအေးဆွေ အဖမ်းခံရတဲ့နေ့ကပေါ့။ သားအတွက် စိတ်သောကရောက်ပြီး ချောင်းဆိုးရင်ကျပ် အမောဆို့ရာကဆုံးသွားပါပကောလား။ ခုလည်း လာပြန်ပြီနောက်တစ်ယောက်" လို့ဆိုပြီး ကိုအေးဆွေတို့ပြေးရာကို နောက်က ခပ်သုတ်သုတ်ပြေးလိုက်ကြရင်း ပြောလိုက်လို့ အခြေအနေအကြောင်းစုံကိုလည်း သိလိုက်ရရော ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ရတာပေါ့။

ဘာကြောင့်ဆိုရင် ငွေဟာ ဒေါ်ဘုမကို သတ်တဲ့ လူသတ်တရားခံမတစ်ယောက်ဆိုတာ ထင်ရှားမနေဘူးလား။ ငွေကြောင့် ကိုအေးဆွေ အဖမ်းခံရတယ်။ ကိုအေးဆွေအဖမ်းခံရလို့ ဒေါ်ဘုမဆုံးတယ်ဆိုတဲ့ ကွင်းဆက်ဟာ အလိုလိုပေါ်နေတာပဲ။ ဒီတော့ ဒေါ်ဘုမဆုံးပါးရတာဟာ ငွေရဲ့ပယောဂပေါ့။

အဲဒီလို ကိုယ့်ပယောဂနဲ့ဆုံးရတဲ့ ဒေါ်ဘုမ အလောင်းရှေ့ထားပြီး ကိုအေးဆွေတို့ဘုံထန်းတောမြေကို ဘယ်လိုလုပ် မျက်နှာထားပြီးလိုက်ရမလဲ။ ကိုအေးဆွေမျက်နှာကို ဘယ်လိုလုပ်ကြည့်ရမလဲ။ ဦးလေးခမျက်နှာကိုကော ဘယ်လိုလုပ် ကြည့်ရမလဲ။ ကိုအေးဆွေတို့ရဲ့ ပတ်ဝန်းကျင်ကိုကော ဘယ်လိုရင်ဆိုင်ရမလဲ။ ငွေကို လူသတ်မတစ်ယောက်အနေနဲ့ ဝိုင်းကြည့်ကြမှာကိုတော့ ငွေဘယ်လိုလုပ် မျက်နှာပြောင်တိုက်ပြီး ရင်ဆိုင်ရမလဲဟင် ကိုအေးဆွေ။

နောက် ဒုတိယအကြောင်းကတော့ ထွေးရီကြောင့် ပါပဲ။

ငွေဟာ မိန်းမချင်းဖြစ်ပေမဲ့ ကိုယ်ချင်းစာနာတတ်ပါတယ်။ နောက်ပြီး မလိမ်မိုးမလိမ္မာ အရွယ်လေးမို့လည်း မဖြစ်သင့်တာတွေ ထပ်ဖြစ်သွားမှာစိုးလို့ ငွေက ရှောင်ပေးရခြင်းပါ။ အစက မသိခဲ့ရိုးလည်းအမှန်ပါ။ ဒီလို မသိခဲ့လို့လည်း ငွေအပေါ်မှာ ကိုအေးဆွေရဲ့ မေတ္တာစေတနာတွေ ဘယ်မျှကြီးမားတယ်ဆိုတာ ယုံစားပြီး ကိုယ့်ဘဝကို ပေယျာလကန်ထားကာ ငွေတို့ရဲ့ မိန်းမသားဘဝမှာ အကြီးမားဆုံး စွန့်စားခြင်းမျိုးဖြစ်တဲ့ စွန့်စားမှုကြီးတစ်ရပ်ကို အရဲစွန့်ပြီး လုပ်ခဲ့တယ် မဟုတ်လား။ ဒါပေတဲ့ ခုတော့ အမှားခြင်းကြီး မှားသွားပြီဆိုတာ သိရတော့တယ် ကိုအေးဆွေ။

"နည်းတယ်၊ နည်းတယ်။ နည်းတာမှ သိပ်ကို ဝမ်းနည်းတယ်။ ဒီတစ်ခါတော့ တစ်သက်လုံး အစ်မရဲ့။ ကျွန်မတို့နဲ့ ဘယ် ဘယ်တော့မှ" ဆိုတဲ့ မြင်းလှည်းတိုက်စဉ်က ထွေးရီပြောခဲ့တဲ့စကားနဲ့ သူ့အမူအရာကိုကြည့်ပါလား ကိုအေးဆွေ။

မိန်းမသားတို့မည်သည်မှာ အသည်းနှလုံးရဲ့ ခံစားချက်ကို ပါးစပ်နဲ့ဖွင့်ပြောဖို့ဆိုတာ အင်မတန်ခဲယဉ်းတဲ့ ကိစ္စကြီးပါ။ အမူအရာအားဖြင့်သာ ပြတတ်ကြပါတယ်။ အကြောင်းတိုက်ဆိုင်လာလို့ မမျိုသိပ် မအောင့်အည်းနိုင်တော့မှသာ အမှတ်မထင် ဖြုန်းခနဲ ပွင့်ထွက်သွားတတ်ပါတယ်။ ဟိုစဉ်က ငွေတို့ရှေ့က ရုတ်တရက် အကြောင်းမရှိဘဲ ပြေးထွက်သွားကတည်းက သူ့အပေါ် အကဲမရ နားမလည်နိုင်အောင်ဖြစ်နေတဲ့အချိန်မှာ နောက်ဆုံး သူ့ရင်က ပွင့်ထွက်လာတော့မှသာ "ဪ ဒီလိုပါလား" ဆိုပြီး ငွေအနေနဲ့ သိရပါတော့တယ်။

ဒါကြောင့်မို့လို့လည်း ငွေတို့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ မှားခြင်းကြီး မှားခဲ့ရပြီလို့ ဆိုခဲ့ခြင်းပေါ့ ကိုအေးဆွေ။

တကယ်တော့ ငွေဟာ ဒီစာကိုရေးရတာ အသည်းနာနာနဲ့ မင်အစား မျက်ရည်နဲ့ရေးနေရတာပါ။ ငွေဟာ မိမိနဲ့ ယုံကြည်ချက်ချင်းတူတဲ့ ကိုယ့်ချစ်သူ တစ်ယောက်နဲ့ ပေါင်းရဖို့အရေး မိဘနဲ့ ပတ်ဝန်းကျင် ကို ဆန့်ကျင်အရွဲ့တိုက်ပြီး စွန့်စားဖို့သတ္တိရှိပေမဲ့ သူများချစ်သူ ရည်းစားတစ်ယောက်ကို လုယူဖို့

**"တကယ်တော့ ငွေဟာ ဒီစာကိုရေးရတာ အသည်းနာနာနဲ့**
**မင်အစား မျက်ရည်နဲ့ရေးနေရတာပါ။**
**ငွေဟာ မိမိနဲ့ ယုံကြည်ချက်ချင်းတူတဲ့ ကိုယ့်ချစ်သူတစ်ယောက်နဲ့ ပေါင်းရဖို့အရေး**
**မိဘနဲ့ ပတ်ဝန်းကျင်ကို ဆန့်ကျင်အရွဲ့တိုက်ပြီး စွန့်စားဖို့သတ္တိရှိပေမဲ့**
**သူများချစ်သူရည်းစားတစ်ယောက်ကို လုယူဖို့အရေးကျတော့**
**ငွေဟာ ဒီလောက်သတ္တိမရှိပါဘူး။**
**ပြီးတော့ မျက်နှာပြောင်လည်းမတိုက်ရဲဘူး။**
**ဒါကြောင့်မို့လို့လည်း ဒီအကြောင်းတွေကြောင့်**
**ငွေဟာ ကိုအေးဆွေတို့နဲ့ ဘုံထန်းတောမြေကို မလိုက်တော့ဘဲ**
**ဖြုန်းခနဲ ဆုံးဖြတ်ချက်ချပြီး ရှောင်တခင်ထွက်သွားခဲ့ရခြင်းပေါ့ ကိုအေးဆွေ ..."**

အရေးကျတော့ ငွေဟာ ဒီလောက်သတ္တိမရှိပါဘူး။ ပြီးတော့ မျက်နှာပြောင်လည်း မတိုက်ရဲဘူး။

ဒါကြောင့်မို့လို့လည်း ဒီအကြောင်းတွေကြောင့် ငွေဟာ ကိုအေးဆွေတို့နဲ့ ဘုံထန်းတောမြေကို မလိုက် တော့ဘဲ ဖြုန်းခနဲ ဆုံးဖြတ်ချက်ချပြီး ရှောင်တခင် ထွက်သွားခဲ့ရခြင်းပေါ့ ကိုအေးဆွေ။

တစ်ခါ ကိုယ့်အိမ်ကိုယ်ရောက်ပြီးတဲ့အခါကျတော့လည်း ဖြစ်လာရတဲ့အခြေအနေတွေကို တစိမ့်စိမ့် တွေးမိပြန်တယ်။ ငွေဟာ ကိုအေးဆွေနဲ့ အရှည်သဖြင့် ဘဝခရီးကို အတူတွဲလျှောက်လို့ဖြစ်ပါ့မလားဆိုတာကို နက်နက်နဲနဲ တွေးလာမိတယ်။ ဒီအခါမှာ အထက်ကပြောခဲ့သလို ကိုအေးဆွေက ငွေကို ခွင့်လွှတ်နိုင်ပါတယ်လို့ ဘယ်လိုဆိုထားစေဦးတော့၊ ငွေကိုယ်ငွေ ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရတယ်လေ။ ငွေကြောင့် ကိုအေးဆွေ မိခင်ကြီး တစ်ယောက်လုံး ဆုံးပါးပျက်စီးခဲ့ရတယ်ဆိုတာဟာ တကယ်တော့ ငွေကိုယ်ငွေ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ကြီးတစ်ခုပါပဲ။

တစ်ခါ နောက်တစ်ကြိမ် ငွေအတွက် ထွေးရီ တစ်ယောက် ဒုက္ခထပ်ဖြစ်မှာကိုကော ဘယ်လိုလုပ် ကြည့်ရက်ပါ့မလဲဟင်။

တကယ်တော့ အစကသာ ငွေပြတ်သားခဲ့ရင် ဒီလိုအခြေအနေမျိုးကို ရောက်မှာမဟုတ်ဘူးပေါ့။ ခုတော့ ကိုအေးဆွေဘဝမှာ ရင်းစားပြန်မရနိုင်တဲ့ မိခင်တစ်ယောက်လုံး ဆုံးပါးရတာကိုပဲ ငွေအနေနဲ့ ရင်နာလို့မဆုံးပါဘူး ကိုအေးဆွေ။

စင်စစ်မတော့ တစ်ခါက ကိုအေးဆွေ ထန်းမောင်နံ့ အောက်မှာ ပြောခဲ့ဖူးသလို မူလဘူတအခြေခံချင်း မတူညီတာတစ်ခုကို တူညီအောင်ညှိရင် တစ်နေ့မှာ အန္တရာယ်တွေ့တတ်တယ်ဆိုတာလေ။ ကိုအေးဆွေ ပမာခိုင်းပြသွားတဲ့ သစ်ဥပမာလိုပါပဲ။ ငွေဟာ ထင်းရှူးသစ်ပါ။ ဒါကြောင့်မို့လည်း ကျွန်းသစ်ဖြစ်တဲ့ ကိုအေးဆွေဘဝနဲ့ ယှဉ်ပြီး ဘဝခရီးကို လျှောက်ရမှာကိုပဲ စဉ်းစားမရအောင် ဖြစ်နေပါတယ်။

ဒီလို တစ်ဖက်က ဝေခွဲမရအောင် ရတက်ပွေနေခိုက်မှာ ဒီတစ်ဖက်ကလည်း တစ်မှောင့်ပါပဲ။ ဦးဝင်းအောင်ကလည်း ခုထက်ထိ မလျှော့သေးပါဘူး။ မေမေတို့၊ မမစိန်တို့ကလည်း ထပ်ပြီး အစမ္ဘီစဉ်ဖို့ စိုင်းပြင်းနေကြပါတယ်။ ဒါကို ငွေအနေနဲ့ အခံရအခက်ဆုံးပါပဲ။ သူတို့က ငွေနဲ့ ကိုအေးဆွေရဲ့ဥာနာမှာ လက်ထပ်ခဲ့ပါတယ်ဆိုတာကို အသိအမှတ် မပြုရုံအပြင် ဒေါသူပုန်ထနေကြပါတယ်။ ဒါကြောင့် မို့လို့လည်း ငွေကို အကျပ်ကိုင်ကြတာပေါ့။

ဒီတော့ ငွေ ဘယ်လိုလုပ်ရမလဲ ကိုအေးဆွေ။ ငွေဟာ ကိုအေးဆွေကို ချစ်ပါတယ်။ ချစ်တာမှ အသည်းနစ်အောင်ချစ်ပါတယ်။ ခုမှ မဟုတ်ပါဘူး ကိုအေးဆွေ။ ဒီတော့ ဒီတော့ ငွေဘဝကိုတော့ ကိုယ်မချစ်တဲ့သူရဲ့ရင်ခွင်မှာတော့ မမြှုပ်နှံနိုင်ဘူး ကိုအေးဆွေ။

အဲဒီတော့ ဘာလုပ်ရမလဲ။ နောက်ဆုံး အဖြေရှာရတာကတော့ ဒီပတ်ဝန်းကျင်လောကက ထွက်သွားတာဟာ အားလုံးအတွက် အကောင်းဆုံးပဲမဟုတ်လား။ ဒါကြောင့်မို့လို့လည်း ခုဆိုရင် မြန်မာပြည်ထောင်စုကြီးရဲ့ ပညာရေးမဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသ တစ်ခုမှာ ရောက်နေပါပြီ။ ဒီမှာပဲ ကလေးသူငယ်လေးများရဲ့ဘဝကို စာပေနဲ့မြှင့်တင်ရင်း ငွေဘဝကို မြှုပ်နှံပစ်လိုက်ပါပြီ ကိုအေးဆွေရေ့။

ဒီတော့ နိဂုံးချုပ်ပါရစေ။ ငွေကို သတ္တိမရှိဘူး၊ ဘဝကို မစွန့်ရဲဘူးလို့ ပြောချင်လည်းပြောပါတော့။ ဝေးရာသို့ လွင့်ရပါပြီ။

တစ်ချိန်က ကိုအေးဆွေပြောခဲ့ဖူးသလို စနစ်တစ်ခုကို တည်ဆောက်တဲ့အခါမှာ တည်ဆောက်ရမယ့် ရဲဘော်ရဲဘက်တွေဟာ အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်ချင်းတူ၊ ခံယူချက်ချင်းတူပါမှ ကိုယ်လိုချင်တဲ့ စနစ်သစ်တစ်ခုကို အောင်အောင်မြင်မြင်နဲ့ တည်ဆောက်နိုင်သလို အိမ်ထောင်တစ်ခုပြုတဲ့ နေရာမှာလည်း တစ်သက်တာဘဝခရီးတစ်လျှောက်မှာ တွဲသွားမယ့် ကြင်ဖော်ကြင်ဖက်တွေဟာလည်း အားလုံးအသွင်တူပါမှ အိမ်ထောင်ဟာ ခိုင်မြဲပြီး ဘဝတစ်လျှောက် ပျော်ရွှင်မှုအတိနဲ့ ပြည့်စုံလိမ့်မယ်လို့ ဆိုခဲ့တယ်မဟုတ်လား။

ခု ငွေတို့ဘဝမှာလည်း အသည်းနှလုံးချင်းကအစ အခြားအရာတွေပါ အားလုံးတူနေကြပေမဲ့ ဘဝအခြေအနေချင်းကျတော့ မတူညီကြတဲ့ဘဝ ရောက်နေပါတယ်။ အဲဒီလို မတူညီတာကို တူညီအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငွေဘဝကိုစွန့်ပြီး ညှိဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အရာမထင်ခဲ့ပါဘူး။ မမျှော်လင့်တဲ့ ဟန့်တားချက်တွေနဲ့ ရင်ဆိုင်လိုက်ရပါတယ်။ ဒါကိုဆက်ပြီး ငွေ ရင်မဆိုင်ဝံ့ပါဘူး ကိုအေးဆွေ။ သတ္တိမပြောင်ရဲပါဘူး။ ဒါကြောင့်မို့ ဝေးရာသို့ ပြေးရပြန်ပါပြီ ကိုအေးဆွေရေ။

မတူညီတာကို တူညီအောင်ညှိဖို့ ကြိုးစားခဲ့တဲ့
တောင်တန်းဒေသ တစ်နေရာမှ
**ငွေ**

ကိုအေးဆွေသည် သက်ပြင်းကို ပင်ပန်းစွာ ရှိုက်ချလိုက်သည်။ သူ့နှလုံးသားသည် နာကျင်နေကာ ရင်မှာ ဟာ၍နေပေသည်။

"သည်ထိအောင်ပဲ အတွေးခေါင်လှချည်လား ငွေငွေရယ်။ ငွေကို ဘယ်သူကမှ အပြစ်မမြင်ကြပါဘူး၊ အချစ်ဝင်နေကြပါတယ် ငွေငွေရယ်။ နောက်ပြီး ထွေးရီနဲ့လည်း ငွေထင်သလို မဟုတ်ပါဘူး"

တကျည်ကျည် တကျာကျာနှင့် အော်မြည်နေသော စာဝတီးမောင်နှံ၏ ဆူညံနေမှုကြောင့် စာဖတ်ပြီး အတွေးဝင်နေသော ကိုအေးဆွေမှာ အတွေးများပြတ်သွားပြီး သူတို့ကို လှမ်းကြည့်လိုက်သည်။ စာမောင်နှံသည် ပြတင်းပေါက်ပေါင်ဝယ် နားလိုက်တခြားသို့ပျံသွားလိုက်နှင့် ချစ်ကျီစယ်နေဟန် တူပေသည်။ တကျည်ကျည် တကျာကျာနှင့် အော်မြည်နေသံသည် သူတို့ဘာသာဘာဝ မေတ္တာတေးဆိုနေသံများ ဖြစ်ပေလိမ့်မည်။

ဪ၊ သူတို့မှာတော့ ကြည်နူးနေကြလေခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**




## ရန်ကုန်တက္ကသိုလ် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ ဆိုင်ခန်း(၅၉)ခန်း၊ ရန်ကုန်တက္ကသိုလ် ရေကူးကန်(အင်းယားလမ်း)၊ (သထုံလမ်း)နှင့် ရန်ကုန်တက္ကသိုလ် အားကစားရုံ(သထုံလမ်း)၊ (လှိုင်နယ်မြေ)တို့အား ငှားရမ်းလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀/- နှုန်းဖြင့် ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာနတွင် (၂၈-၂-၂၀၂၄) ရက်နေ့ နံနက် (၁၀: ၀၀)နာရီမှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၃-၃-၂၀၂၄) ရက်နေ့ မွန်းလွဲ ( ၁၄ : ၀၀)နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်းနံပါတ် (၀၉-၄၄၈၀၂၂၂၂၀၊ ၀၉-၄၄၈၈၈၈၇၅၂) သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၉၅/A)၊ မြေညီထပ် (ခေါင်းရင်း)အား တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်မြမြဖူး[၁/မကတ(နိုင်)၀၀၀၄၂၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၉၅)၊ မြေကွက်အမှတ်(၂၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဧရိယာ (၀.၀၂၈)၊ စတုရန်းပေ(၁၂၅၀)ပေ၊ (အလျားxအနံ) (၂၅ပေx ၅၀ပေ) အကျယ်အဝန်းရှိ ဒေါ်တင်တင်အေး တရားဝင်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ၎င်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ခေါင်းရင်းဘက်ခြမ်းရှိ (အလျားxအနံ) (၁၁ပေx၄၇ပေ) အကျယ်အဝန်းရှိ မြေညီတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်တင်တင်အေး[၁၂/ဒပန(နိုင်)၀၀၀၇၀၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြမြဖူး[၁/မကတ(နိုင်)၀၀၀၄၂၂]သည် (၁၇-၂-၂၀၂၄) ရက်နေ့တွင် “မြေကွက်အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်” နှင့် (၁၇-၂-၂၀၂၄)ရက်နေ့တွင် “တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် သဘောတူကတိစာချုပ်” တို့ကို ချုပ်ဆိုခဲ့ပြီး ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ လက်ရောက်လက်ခံ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် မြေညီတိုက်ခန်း (ခေါင်းရင်း)တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြဖူး၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းထားခြင်း၊ မြေငှားဂရန်အမည်ပြောင်းခြင်း၊ မြေရှင်နေရာတွင် လက်မှတ်ရေးထိုးခြင်းနှင့် အခြားသော ကိစ္စရပ်တို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြမြဖူးမှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်လှိုင် LL.B, D.B.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း - ၀၉-၄၂၀၁၆၂၄၈၁**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြသီရိ (၄) လမ်း၊ အမှတ် - ၁၆၈ ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** (၃-၁-၂၀၂၄) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဒေါ်စိမ့်စိမ့်သူ [၁၂/ဗဟန(နိုင်) ၀၇၈၅၂၉] မှ ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၉၀) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ RC (၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ပထမထပ်၊ အကျယ်အဝန်း (၁၂ ၁/၂'x ၅၀')ရှိ တိုက်ခန်းတစ်ခန်း ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် ရေမီးစုံတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ရှင် ဒေါ်ဇင်မာစိုး [၁၂/ဥကမ(နိုင်)၁၈၃၀၂၇] ကိုင်ဆောင်သူထံ မှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းမင်းမောင် [၁၂/ဥကတ(နိုင်)၁၃၀၆၅၄] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းမင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်တင် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၃၃၆/၈၅)(၂၅-၉-၁၉၈၅)**
**အမှတ်-၁၅၃/ဘီ၊ (ပ-ထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၀၈၇၀၊ ၀၉-၉၅၅၀၇၀၈၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B5)၊ အခန်းအမှတ်(၇၀၅)၊ Type(C)၊ အခန်းအမျိုးအစား အိပ်ခန်း(၁)ခန်း အကျယ်အဝန်းဧရိယာ (၆၅၁)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်ရတနာခိုင်[၁/ဗမန(နိုင်) ၀၅၁၀၁၇]ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ဝေဝေလွင် [၁၂/ကတတ (နိုင်)၀၂၀၀၆၅]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေလွင်**
**[၁၂/ကတတ(နိုင်)၀၂၀၀၆၅]**
**ဖုန်း-၀၉-၅၀၇၀၅၉၆၊ ၀၉-၇၉၃၀၇၀၅၉၆**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၂-၂-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀) ပါ တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဇော်ဦး၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် ဒေါ်မီမီဝင်းအစား ဒေါ်မေမေဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃ (၂၆)လမ်း၊ အမှတ်(၇၈၁)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ RC (၅)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်၊ A-4(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅'x၅၅')ရှိ တိုက်ခန်းတစ်ခန်း ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် ရေမီးစုံတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ရှင် ဦးကောင်းမြတ်ဝင်း [၁၂/ဗတထ(နိုင်) ၀၄၀၂၀၀] ကိုင်ဆောင်သူထံ မှ ကျွန်ုပ်၏မိတ်ဆွေဦးဇော်မင်းမင်းမောင် [၁၂/ဥကတ (နိုင်)၁၃၀၆၅၄] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့် နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းမင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်တင် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၃၃၆/၈၅)(၂၅-၉-၁၉၈၅)**
**အမှတ်-၁၅၃/ဘီ၊(ပ-ထပ်)၊ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၀၈၇၀၊ ၀၉-၉၅၅၀၇၀၈၇၀**

◆ **ကျောဖုံးမှ**

Mobile Unit များကို ဆုန်ခလာ၊ ချင်းမိုင်နှင့် နခွန်စဝမ် တို့တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

“မနေ့က ဇန်ကောက်မြို့အနီး စမုပရာကန်ခရိုင်မှာ ဖွင့်ထားတဲ့ CI စခန်းတစ်ခုမှာပဲ စာအုပ်လျှောက်တဲ့သူ ၈၀၀ နီးပါးရှိပါတယ်။ ဘတ်ရိုက်ထားတဲ့အလုပ်သမားတွေက CI စာအုပ်ရမှပဲ ခရိုင်တခုနဲ့တခုသွားလာတာအဆင်ပြေမှာ ဖြစ်သလို နေရပ်ပြန်ရင်လည်းလေယာဉ်နဲ့ပါ ပြန်လို့ရတော့ အများက CIစာအုပ်ပြုလုပ်ဖို့အတွက်စောင့်နေကြတာပေါ့”ဟု ၎င်းကပြောသည်။

CI ထုတ်ပေးမှုအခြေအနေအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေ၊ အလုပ်သမားသံအရာရှိရုံး သံမှူး ဦးမျိုးမင်းအောင်၊ United K.M.K မှ တာဝန်ရှိသူများ၊ Partner Associates International Co., Ltd. မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ “စခန်းတိုင်းမှာတော့ လူများမယ်။ လျှောက်ထားတဲ့သူကလည်းတော်တော်များတယ်။ ဒါကအခွင့်အရေးတစ်ခုပဲ။ ကိုယ့်နိုင်ငံက အလုပ်သမားတွေအလုပ်လုပ်ရလွယ်မယ်။ နိုင်ငံအတွက်လည်း နိုင်ငံခြားငွေရတာပေါ့” ဟု ၎င်းကပြောသည်။ ထိုင်းနိုင်ငံသို့တရားမဝင် လာကြသူများမှာ ယခင်ကလည်း မကြာခဏ အဖမ်းခံရပြီး နယ်စပ်တွင် အာဏာပိုင်များက လုံခြုံရေးများကို ပိုမိုတင်းကြပ်ထားကာ တရားမဝင်ဝင်ရောက်သူများကို ဖမ်းဆီးမှုများနေကြောင်း သိရသည်။

**MT**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အ.လ.က(ခွဲ)၊ နီးနူး၊ Grade(6)မှ မလရီစွန်းနှင့် Grade (4)မှ မငွေမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး[၁၀/ရမန(နိုင်)၂၆၅၇၉၀] ဖြစ်ပါကြောင်း။

**ဦးကျော်မိုး**

❖ **MNL မှ**

Rainbow၊ အုပ်စု (ဂ) တွင် ဟံသာဝတီယူနိုက်တက်၊ Dagon Port၊ ဒဂုံစတားယူနိုက်တက်၊ ရှောဝတီယူနိုက်တက်၊ ငွေကြယ်ပွင့်၊ အုပ်စု (ဃ) တွင် အား/ကာသိပ္ပံ၊ သစ္စာအားမာန်၊ မြဝတီ၊ ရတနာပုံနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ ပါဝင်သည်။ အုပ်စုပွဲများကို သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ တက္ကသိုလ်ကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အုပ်စု (က) ပထမနှင့် အုပ်စု (ဃ) ပထမ၊ အုပ်စု (ခ) ပထမနှင့် အုပ်စု (ဂ) ပထမတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စုအဖွင့်နေ့အဖြစ် မတ်လ ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Rainbow အသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

❍ **MFF မှ**

ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၆) အပြီးတွင် VUC အသင်းက ရမှတ် ၄၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MIU အသင်းက ၃၄ မှတ်၊ Generations အသင်းက ၃၂ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၉ မှတ်၊ Dream Team အသင်းက ၁၈ မှတ်၊ M2K အသင်းက ၁၇ မှတ်၊ Futsal-19 အသင်းက ၁၆ မှတ်၊ လင်းလက်အသင်းက ၁၄ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၇-၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၂၇၂။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇)မှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများကောင်းမှု | ၂၄၀၀၀၀၀ |
| ၈၂၇၃။ | ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၂၇၄။ | ဦးဖေသိန်းနှင့်ဇနီး ဒေါ်ဖဲတင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၂၇၅။ | ဦးစောလှနှင့်ဇနီး ဒေါ်တင်ရှိန်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၈၀၀၀၀၀ |
| ၈၂၇၆။ | စစ်ကိုင်းမြို့နယ်၊ အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၇၇၀၀၀၀ |
| ၈၂၇၇။ | ကရင်ပြည်နယ်၊ အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၅၀၀၀၀၀ |
| ၈၂၇၈။ | နှစ်ဖက်မိဘအားအမှူးထား၍ အရာခံဗိုလ်ဝင်းအောင်နှင့်ဇနီး ဒေါ်စံပယ်ဦး၊ (သား)ဗိုလ်အောင်ပြည့်ကျော်နှင့်ဇနီး မခိုင်ခင်သော်၊ (သား) တပ်ကြပ်ကြီးကျော်သက်အောင်၊ (သမီး)မသဲသဇင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၂၇၉။ | ကိုအောင်တည်ဦးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၂၈၀။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးသန်းထိုက်ဦးနှင့်ဇနီး ဒေါ်ကြည်ကြည်စိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၂၈၁။ | ကွယ်လွန်သူ ဦးရဲဝင်းမြတ်နှင့် ဒေါ်ပပမြတ်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၂၈၂။ | ဆရာတော် ဦးသုဇာတအမှူးထား၍ ဒေါ်မြင့်ကြည် မိသားစုကောင်းမှု | ၁၇၀၀၀၀ |
| ၈၂၈၃။ | ဦးဘလွင်နှင့်ဇနီး ဒေါ်ခင်ထားမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၂၈၄။ | ဦးဟသ်ာ၊ (မြေး)ဦးစောထွန်းအောင်ကျော်နှင့်ဇနီး (ဒေါ်မေမေသန်း)မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၂၈၅။ | ဒေါ်ခင်အေးဝင်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၂၈၆။ | လျှပ်စစ်ဝန်ကြီးဌာန အင်ဂျင်နီယာစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသား/သူများကောင်းမှု | ၁၂၅၀၀၀ |
| ၈၂၈၇။ | ဦးအောင်ချိုဦး၊ ဒေါ်တင်တင်ချို၊ ဒေါ်သန်းသန်းအေး၊ ဦးရဲထွဋ်၊ ဒေါ်ရီအေးမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၈၂၈၈။ | ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ကောင်းမှု | ၁၁၁၀၀၀ |
| ၈၂၈၉။ | (ဦးစံလွင်)နှင့် ဒေါ်နန်းသန်းရီမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၉၀။ | ဇမ္ဗူသီရိမြို့နယ်၊ ဥပဒေရုံးမှ မောင်နှမများကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၉၁။ | ဦးချစ်ခဲနှင့်ဇနီး (ဒေါ်ခင်စန်းရီ)မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၉၂။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်ခင်မျိုးအေး၊ (သမီး) မနန်းစံပယ် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၂၉၃။ | ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၄။ | ဦးကျော်လင်းနိုင်နှင့်ဇနီး ဒေါက်တာမိုးနန္ဒာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၅။ | ဦးညီညီလတ်နှင့်ဇနီး ဒေါ်အေးသီရိဝင်း၊ (သား)မောင်မနေဦးလုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၆။ | ဗိုလ်မှူးဝင်းဗိုလ်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၇။ | ဦးမောင်သောင်းနှင့်ဇနီး ဒေါ်ကျော့စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၈။ | ကွယ်လွန်သူဒေါ်မြသန်းအားရည်စူး၍ ဦးဘမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၂၉၉။ | ဦးဟန်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၀။ | ဦးခင်မောင်တိုးနှင့်ဇနီး ဒေါ်သန်းနွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၁။ | ကိုမောင်မောင်ဖြိုးနှင့်ဇနီး မခင်နီနီမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၂။ | ဦးမင်းနိုင်ထွန်းနှင့်ဇနီး ဒေါ်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၃။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်ခိုင်ခိုင်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၄။ | ဦးရဲညွန့်နှင့်ဇနီး (ဒေါ်မြင့်မြင့်သန်း)၊ သား၊ သမီးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၅။ | ဦးဟန်တင်နှင့်ဇနီး ဒေါ်သန်းသန်းမူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၆။ | ကွယ်လွန်သူကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ ဆရာမကြီး ဒေါ်အေးအေးကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၇။ | ကွယ်လွန်သူကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ ဆရာမကြီး ဒေါ်ဌေးဌေးကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၈။ | ဦးစောမြအောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၀၉။ | ဦးစံရွှေမောင်နှင့်ဇနီး၊ သား၊ သမီး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၀။ | နှစ်ဖက်မိဘအမှူးထား၍ ဦးဟိန်းထိုက်အောင်နှင့်ဇနီး မမိုးမြတ်သူဇာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၁။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ဌေးတင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၂။ | ကွယ်လွန်သူ ဦးညီညီ(ခ)ဦးမင်းဦးအားရည်စူး၍ ဒေါ်အေးအေးသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၃။ | ဦးဝင်းလွင်နှင့်ဇနီး ဒေါ်နန်းသိန်းရွှေ၊ (သား)မောင်စိုင်းစိုးထက်နောင်၊ (သမီး)မနန်းခင်ကလျာငြိမ်းထက်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၄။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်ဝင်းပြုံး၊ (သား)မောင်သီဟဇော်၊ (သမီး)မသီရိဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၅။ | ဦးစိန်သောင်းနှင့်ဇနီး ဒေါ်သီတာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၆။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်ခင်မြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၇။ | ဦးအောင်သိန်းနိုင်နှင့်ဇနီး ဒေါ်အေးမိုး၊(သား)မောင်ဟိန်းစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၈။ | အရာခံဗိုလ်ဒေါ်ခင်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၁၉။ | ကိုဖုန်းနှင့်ဇနီး မဝါဝါခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၀။ | ဦးဝေလင်းအောင်နှင့်ဇနီး ဒေါ်လွင်လွင်မော်၊ (သား) မောင်ရဲရင့်မိုးထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၁။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ တပ်ကြပ်ကြီးမျိုးလွင် နှင့်ဇနီး ဒေါ်အေးအေးမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၂။ | ဦးကိုကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်ကြည်၊(သမီး) မခင်သီရိကို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၃။ | ကိုဝင်းခိုင်စိုးနှင့်ဇနီး မငုဝါဆန်း၊ (သား)မောင်ခန့်ဘုန်းမြတ်စိုး၊ (သမီး)မချယ်ရီဝင့်ဝါစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၄။ | ဦးစိုးနိုင်နှင့်ဇနီး ပါမောက္ခစမ်းစမ်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၂၅။ | ဗိုလ်ကြီးဝင်းလွင်(ငြိမ်း)နှင့်ဇနီး မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၁၀၃၈)၊ မြေကွက်တည်နေရာအမှတ်(၁၀၃၈)၊ သမာဓိလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းလှ(ISN-042094)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်သန်းလှ(အဘွား)နှင့် ဦးမြသောင်း(အဘိုး)သား သမီးတစ်ဦးမှ ထွန်းကားခဲ့ခြင်းမရှိဘဲ ကွယ်လွန်သွားသဖြင့် သဃ်ာန်းကျွန်းမြို့နယ်တရားရုံး၊ အမွေထိန်းလက်မှတ်စာ(အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ-၂၉၀) အရ တရားမအထွေထွေအမှုအမှတ်(၁/၂၀၂၃)ဖြင့် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ(၂၁၈)အရ အမွေထိန်းစာထုတ်ပေးရန် လျှောက်ထားမှု၏စီရင်ချက်၊ တရားမအထွေထွေအမှု အမှတ်(၄၇/၂၀၂၃)ဖြင့် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ- ၃၀၇(၂)အရ အမွေထိန်းစာရရှိထားသူက ပစ္စည်းစီမံခန့်ခွဲခြင်း လျှောက်ထားခြင်း၏ စီရင်ချက်တို့ဖြင့် အမွေထိန်း လက်မှတ်ရရှိသူ ဦးဇော်ထွန်း[၁၂/မရက(နိုင်)၀၀၀၉၀၂]၊ ဦးတင်ကိုကို[၁၂/ဥကတ(နိုင်)၁၃၀၆၁၃]တို့မှ တရားရုံးအထောက်အထားများ၊ ဂရန်၊ နိုင်/ကတ်များ၊ ဝန်ဆောင်ခ တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အ.လ.က(ခွဲ)၊ နှီးနှူ၊ Grade(6)မှ မမော်စော၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် [၆/ရဖန(နိုင်)၀၅၈၉၉၇] ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ထက်အောင် [၁၄/မမန(နိုင်)၂၀၆၄၀၅]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၅၉၇၇၂၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မညို[၁၂/လကန(နိုင်)၁၃၃၁၇၁]၏ နိုင်ငံကူးလက်မှတ်အမှတ် M 269708 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၄၁၈၈၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)၊ ပထမထပ်(ယာ)ခြေရင်းခန်း၊ မဟာဆွေ(၂)လမ်း၊ (၁၃) ရပ်ကွက် တိုက်ခန်းအား ဦးဇော်လင်းဟန်[၁၂/လမန(နိုင်)၁၄၀၀၆၅]မှ ဒေါ်ကြည်ကြည်သွယ်[၆/ထဝန(နိုင်)၀၉၇၉၅၈] အား ရောင်းချသည်ဖြစ်ရာ စရန်ငွေချထားပြီးဖြစ်ပါသဖြင့် (၃) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ကြည်ကြည်သွယ်**
**Ph:09-782298291**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၁၊ မြေကွက်အမှတ် (၁၁၁)၊ တပင်ရွှေထီးလမ်း၊ အကျယ်အဝန်း (၅၀ ပေ x ၁၀၀ ပေ)၊ (၅၀၀၀) စတုရန်းပေ၊ ဧရိယာ (၀.၁၁၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းရွှေ [၁၂/လကန(နိုင်)၁၆၃၄၅၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြတ် (LL.B)** | **ဦးဝင်းဇော်ထွန်း (LL.B)** |
| **(စဉ်-၉၁၆၄)** | **(စဉ်-၁၄၁၃၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၉/၁၁)၊ ဒုတိယထပ်၊ အခန်း (၂၀၄-A)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၂၉၁၁၊ ၀၉-၄၃၁၅၇၈၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁-N၊ မြေကွက်အမှတ်-V-၄၄၊ ဧရိယာ ၀. ၀၂၆ ဧက၊ မြေကွက်တည်နေရာ အမှတ်-(၁၈)၊ (၉၆) လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်ခင်မြရင် [၁၂/မဂတ (နိုင်) ၀၄၈၉၇၈] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြရင် (မိခင်) (ကွယ်လွန်)၊ အမည်ပေါက်၏ ခင်ပွန်းဖြစ်သူ ဦးအေး (ဖခင်) (ကွယ်လွန်) ၎င်းတို့၏ သားသမီး(၇)ဦး ဖြစ်ကြသော ၁။ ဦးမျိုးဝေ ၂။ ဦးအောင်ဇော်လတ် ၃။ ဦးမျိုးလွင် (ခ) ဟာသင် ၄။ ဒေါ်ခင်သင်းလှိုင် (ခ) မရာဇီယာ ၅။ ဦးနေဝင်း ၆။ ဦးအောင်ဇင် ၇။ ဦးနေမျိုးအောင် တို့အနက် သား(၃)ဦးဖြစ်သူ ဦးအောင်ဇော်လတ် လူပျိုကြီးဘဝဖြင့် (ကွယ်လွန်)၊ ဦးမျိုးလွင် (ခ) ဟာသင် လူပျိုကြီးဘဝဖြင့် (ကွယ်လွန်)၊ ဦးအောင်ဇင် လူပျိုကြီးဘဝဖြင့် (ကွယ်လွန်)၍ အမည်ပေါက်၏ ကျန်သားသမီးများ ဖြစ်ကြသော ၁။ ဦးမျိုးဝေ [၁၂/ဥကတ (နိုင်) ၁၅၅၂၇၇]၊ ၂။ ဒေါ်ခင်သင်းလှိုင် [၁၂/မဂတ(နိုင်)၀၅၄၂၂၀]၊ ၃။ ဦးနေဝင်း [၁၂/မဂတ(နိုင်)၀၅၄၇၆၆]၊ ၄။ ဦးနေမျိုးအောင် [၁၂/မဂတ(နိုင်)၀၅၅၇၅၇] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၇၃၇/၂၀၂၃ (၄-၉-၂၀၂၃) အရ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးခင်မောင်တာ [၁၂/တမန(နိုင်)၀၈၁၄၉၂]မှ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်း (၇)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သား/သမီး မွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ သားသမီး(၇)ဦး အနက် ဦးအောင်ဇော်လတ်၊ ဦးမျိုးလွင် (ခ) ဟာသင်၊ ဦးအောင်ဇင် တို့သည် လူပျိုကြီးဘဝဖြင့် အသီးသီး ကွယ်လွန်ခဲ့ကြကြောင်း၊ ကွယ်လွန်သူများသည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြသော်လည်း မကွယ်လွန်မီက မည်သည့် သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူများနှင့် မိမိတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြသည့်အတွက် မိဘနှင့်အစ်ကိုများ ကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက် နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား သားသမီးအရင်းများဖြစ်ကြသော မိမိတို့ (၄)ဦးတည်းကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှမရှိပါကြောင်း၊ ဦးမျိုးဝေ၊ ဒေါ်ခင်သင်းလှိုင်၊ ဦးနေဝင်း၊ ဦးနေမျိုးအောင်တို့ ကတိသစ္စာပြုထားသည့် တရားရုံး ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂) စောင်၊ ဒေါ်ခင်မြရင် (မိခင်)၊ ဦးအောင်ဇော်လတ် (အစ်ကို)၊ ဦးမျိုးလွင် (ခ) ဟာသင် (အစ်ကို)တို့၏ သေဆုံးမှုလက်မှတ်များ၊ ဦးအေး (ဖခင်) ၏ သေစာရင်းသွင်း မိတ္တူမှန်၊ ဦးအောင်ဇင် (အစ်ကို) ၏ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့(စ်)အန်ဂျယ်လိ(စ်)မြို့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားသူများ၊ သက်ရှိထင်ရှား ရှိနေသေးကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မပြုသေးသည်မှာ မှန်ကန်ကြောင်း တရားရုံး ကတိသစ္စာပြုလွှာတို့အား တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ကျောက်ဝိုင်းမြောက်ဘက်၊ ၃၉-လမ်း၊ ၈၆-၈၇ကြား နေ ဦးကျော်ဝင်း (ဘ) ဦးမြသိန်း [၉/မရမ(နိုင်)၀၇၀၂၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းမှာ ကျောက်မျက်လောကတွင် နှစ်ပေါင်း(၃၅)နှစ်ကျော် ကျောက်မျက်ပညာရှင်အဖြစ် ရပ်တည်လာခဲ့သူတစ်ဦးဖြစ်ပြီး **Myan Gem Lab** ဓာတ်ခွဲခန်းရှိ ကျောက်မျက် ဓာတ်ခွဲခန်းသုံးပစ္စည်းရပ်များအားလုံးမှာလည်း ကျွန်ုပ်မိတ်ဆွေကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်က တည်းက သုံးစွဲပိုင်ဆိုင်လာခဲ့သည့်ပစ္စည်းရပ်များဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေကြီး ပြောပြချက်အရ သိရှိရပါသည်။

(၁၄-၂-၂၀၂၄)နေ့စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာ-၂၃တွင် **Myan Gem Lab** နှင့် အများသိစေရန် သတိပေးကြေညာချက် ပထမပိုဒ်တွင် **Myan Gem Lab** အမည်ဖြင့် ကျောက်မျက်ဓာတ်ခွဲခန်း ထူထောင်လုပ်ကိုင်ရာတွင် ကျောက်မျက်ဓာတ်ခွဲခန်းသုံး ကိရိယာမှန်သမျှမှာ ဦးဇော်မင်းထွန်း၏ပစ္စည်းရပ်များဖြစ်ကြောင်း ကြေညာလာခဲ့သဖြင့် ဦးဇော်မင်းထွန်းအနေဖြင့် ၎င်းမပိုင်ဆိုင်ဘဲ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဝင်းသာ အမှန်တကယ် ပိုင်ဆိုင်သူဖြစ်ကြောင်း ဤသတင်းစာ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း အများသိစေရန် ရှင်းလင်းဝန်ခံ ကြေညာပေးရန် ဦးဇော်မင်းထွန်းနှင့် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းနိုင်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၅၄)**
**၇၄-လမ်း၊ ၃၅x၃၆လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၅၉၁၆၄၇၉၈၊ ၀၉-၇၈၉၆၃၂၆၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂-H၊ မြေကွက်အမှတ်-V-၃၈၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်-(၈/၁၀)၊ အထက်မန္တလေးလမ်းသွယ်(၂)လမ်း၊ ကန်တော်ကလေးမြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမောင်တင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်တင် (ဖခင်) ကွယ်လွန်၊ ဒေါ်တင်ဝင်း (မိခင်) ကွယ်လွန်သဖြင့် သားသမီးများ ဖြစ်ကြသော ၁။ ဒေါ်လှလှဝေ [၁၂/မဂတ(နိုင်)၀၄၉၂၈၉]၊ ၂။ ဒေါ်ကြူကြူဝင်း [၁၂/မဂတ(နိုင်)၀၄၉၅၀၉]၊ ၃။ ဦးလှမိုး [၁၂/မဂတ(နိုင်)၀၄၉၅၀၈]တို့မှ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းများဖြစ်ကြသော မိမိတို့ (၃) ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သား/သမီး မွေးချင်းများ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဖခင်ဖြစ်သူ ဦးမောင်တင်တွင် တရားဝင် ဇနီး/မယားအဖြစ် မိမိတို့၏ မိခင်ဖြစ်သူ ဒေါ်တင်ဝင်း တစ်ဦးတည်းသာလျှင်ရှိပါကြောင်းနှင့် အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မှ မရှိပါကြောင်း၊ ကွယ်လွန်သူ မိဘများသည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများ ဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့် သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ မိဘများနှင့် မိမိတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မိဘများ ကွယ်လွန်ကြပြီးနောက် ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားသမီးအရင်းများဖြစ်ကြသော မိမိတို့ မောင်နှမ (၃)ဦးတည်းကသာလျှင် အစ္စလာမ့် ဓလေ့ထုံးတမ်း အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှမရှိပါကြောင်း တရားရုံး ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ ဦးမောင်တင် (ဖခင်) သေစာရင်းသွင်း မိတ္တူမှန်၊ ဒေါ်တင်ဝင်း (မိခင်) သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် မြေခွန်ပြေစာတို့အား တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ ၃၉-လမ်း (ကမ်းနားဘလောက်)၊ အမှတ် (၃၀/၃၄)၊ (၈)လွှာ၊ အခန်းအမှတ် (၈-A)ဟုခေါ်တွင်သော ဧရိယာ (၁၅x၅၅)ပေ အကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အိမ်ထောင်ပရိဘောဂအပါအဝင် အကျိုးခံစားပိုင်ခွင့် အရပ်ရပ်တို့အား လွတ်လပ်စွာ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကျော်စိုးမိုး[၁၂/အစန(နိုင်)၁၁၄၂၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဝင်း[၁၂/ဗဟန(နိုင်)၀၈၅၉၄၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## ဦးဇော်မင်းထွန်းမှ (၁၄-၂-၂၀၂၄) မန္တလေးနေ့စဉ်ထုတ် သတင်းစာ၏ စာမျက်နှာ(၂၃)တွင် ဖော်ပြထားသော"Myan Gem Lab နှင့် အများသိစေရန် သတိပေးကြေညာခြင်း" နှင့် ပတ်သက်၍ ဦးဇော်မင်းထွန်းနှင့် အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ကျောက်ဝိုင်းမြောက်ဘက်၊ ၃၉လမ်း၊ ၈၆ x ၈၇ ကြားတွင် ဖွင့်လှစ်ထားသည့် MYAN GEM LAB (M.G.L) CO.,LTD ၏ ဒါရိုက်တာ ဦးကျော်ကျော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ညွှန်ကြားချက်အရ -

၁။ **MYAN GEM LAB (M.G.L) CO.,LTD ၏ ဒါရိုက်တာ ဦးအောင်ထွန်းလေးနှင့် ဦးဇော်မင်းထွန်းတို့** ကျောက်မျက်ဓာတ်ခွဲခန်းလုပ်ငန်းကို ၅၀-၅၀ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ပြောဆိုကတိပြုခြင်းလည်းမရှိခဲ့ပါ။

၂။ **M.G.L CO.,LTD မှ ရင်းနှီးငွေများထည့်ဝင်၍ ပညာရှင်ဦးကျော်ဝင်းနှင့် အဖွဲ့များက ဓာတ်ခွဲခန်းသုံး** စက်ကိရိယာများဖြင့် ကာယ၊ ဉာဏ၊ လုပ်အားများ စိုက်ထုတ်ကာ လုပ်ကိုင်ခဲ့ပါသည်။ **ဦးဇော်မင်းထွန်းမှ မည်သည့်ရင်းနှီးငွေများ၊ ဓာတ်ခွဲခန်းသုံး ကိရိယာပစ္စည်းများ ထည့်ဝင်ထားခြင်းလည်း မရှိပါ။ ဦးဇော်မင်းထွန်းမှ** ပညာရှင် ဦးကျော်ဝင်းနှင့်အဖွဲ့ကို M.G.L CO.,LTD ၏ ဒါရိုက်တာများနှင့် အကျိုးဆောင်ကာ မိတ်ဆက်ပေးခဲ့ပြီး M.G.L CO.,LTD နှင့် ပညာရှင် ဦးကျော်ဝင်းတို့အဖွဲ့ **နှစ်ဖက်သဘောတူညီချက်အရ ရရှိမည့် အကျိုးခံစားခွင့် (၆၀%)ကို M.G.L CO.,LTD** မှ ခံစား၍ ပညာရှင်ဦးကျော်ဝင်းတို့အဖွဲ့မှ (၄၀%)ရယူရန် သဘောတူညီခဲ့ကြပါသည်။

၃။ M.G.L CO.,LTD ၏ ဓာတ်ခွဲပညာရှင် ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ ရရှိခံစားခွင့်ရှိသော အကျိုးအမြတ် (၄၀%)ကို ဒါရိုက်တာတစ်ဦးဖြစ်သူ **ဦးဇော်မင်းထွန်း**မှ M.G.L CO.,LTD)မှ ထုတ်ယူရယူလျက် ဦးကျော်ဝင်းတို့အဖွဲ့သို့ ပေးရန်ရှိသော အကျိုးခံစားခွင့်များကို သတ်မှတ်နှုန်းအတိုင်း **ဦးဇော်မင်းထွန်း**မှ မပေးကြောင်း ဓာတ်ခွဲပညာရှင်ဦးကျော်ဝင်းနှင့်အဖွဲ့မှ M.G.L CO.,LTD အဖွဲ့သို့ (၉-၉-၂၀၂၃) ခုနှစ်တွင် စာရေးတိုင်ကြားလာပါသည်။

၄။ ထိုသို့တိုင်ကြားစာအပေါ် **M.G.L CO.,LTD မှ မှန်ကန်မှု ရှိ /မရှိ စစ်ဆေးရာ** မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် (၁၁-၉-၂၀၂၃)နေ့တွင် **Board of Directors** ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **ဦးဇော်မင်းထွန်း**အား ဒါရိုက်တာအဖွဲ့မှ ထုတ်ပယ်လိုက်ခြင်းဖြစ်ပါသည်။

၅။ ထိုကဲ့သို့ ထုတ်ပယ်ခြင်းအပေါ် **ဦးဇော်မင်းထွန်း**မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးအောင်ထွန်းလေးအား သတင်းစာများနှင့် **Facebook** အပါအဝင် **Social Media** များတွင် မမှန်မကန် ရေးသားပြီး ဦးအောင်ထွန်းလေး၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန်နှင့် နစ်နာမှုရှိအောင် လူအများထင်ယောင်ထင်မှားဖြစ်စေရန် တမင်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအပေါ် ဦးအောင်ထွန်းလေးအား **ဦးဇော်မင်းထွန်း**မှ မမှန်မကန် ဖော်ပြရေးသားခြင်းကို ရပ်တန်းကရပ်လျက် ဤသတင်းစာကြေညာပါသည့် **(၇)ရက် တစ်ပတ်အတွင်း ပြန်လည်ဝန်ချတောင်းပန်ရန်နှင့်** အကယ်၍ ဝန်ချတောင်းပန်ခြင်း မရှိပါက ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း **ဦးဇော်မင်းထွန်း**နှင့် အများသိစေရန် သတိပေးကြေညာလိုက်သည်။

**Myan Gem Lab (M.G.L)Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနန္ဒာသိန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၇၇၄၁)**
**အမှတ် (၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၂၅၆၇၉၊ ၀၁၈ ၂၉၆၅၂၉**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမောင်မောင်တင်၏ သား ဇင်မောင်မောင်ဦး[၅/ကလထ(နိုင်)၁၂၂၇၄၀]၏ နိုင်ငံကူးလက်မှတ်အမှတ်-A 331565 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၈၇၀၅၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၁) လမ်း၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် (၉)၊ အခန်းအမှတ်(၀၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသောင်းမြ [၁၂/လမန(နိုင်)၀၆၆၄၄၅]က ၎င်းအမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၃၈၈)၊ မြေကွက်တည်နေရာ အမှတ်-၁၃၈၈၊ ၁၃၀ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်အောင်(HGU-၀၉၂၅၇၂)အမည်ပေါက်၊ ပါမစ်မြေအား အမည်ပေါက်ဦးကျော်အောင်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇာလီမော်ဦး [၁၂/ဗဟန(နိုင်)၀၉၆၈၁၆] မှပါမစ်မူရင်း(ဓာတ်ပုံမှတ်တမ်း၊ ရွှေ့ပြောင်းသူများရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ စာရွက်မူရင်း)(မှီခိုသူများစာရင်းစာရွက်မိတ္တူမှန်တင်ပြထား)၊ အရပ်စာချုပ်အဆက်အစပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင်(၁၀'x၆၀') ၂ကွက်နှင့်(၂၀'x၆၀') ၁ကွက် တွင်ကျောက်တိုင် သွပ်ဆူးကြိုးကာရံထားပြီး လျှောက်ထားသူမှ ၎င်းကာရံထားခြင်း မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း ဝင်စာအမှတ်(၉၂၅၄/၁၅-၈-၂၀၂၃)တွင် လျှောက်ထားသူ ဒေါ်ဇာလီမော်ဦးကိုယ်တိုင်မှလျှောက်ထား မြေကွက် (၄၀'x၆၀')အကွက်ထဲတွင်(၁၀'x၆၀') ၂ ကွက်နှင့်(၂၀'x၆၀') ၁ကွက်အား ကျောက်တိုင်ဆူးကြိုးကာရံထားပြီး ယခုမြေပြင်တွင် ကာရံထားသောကျောက်တိုင်ဆူးကြိုးများအား ဖျက်သိမ်းပြီးကြောင်း ဓာတ်ပုံမှတ်တမ်းနှင့်အတူစာချုပ်များ၊ ပါမစ်မူရင်း၊ မိတ္တူတို့ပူးတွဲ၍ တင်ပြထားပါသည်။ သို့ဖြစ်ပါ၍ဒေါ်ဇာလီမော်ဦးမှဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

